# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၁၅၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက စီမံကိန်း ဖြစ်ပေါ်လာသည့် အခြေအနေများနှင့် စီမံကိန်းတွင် ပါဝင်သည့် လုပ်ငန်းများ၊ ကုလားတန် ဆိပ်ခံတံတားဆိုင်ရာ အချက်အလက်များနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ရုံးနှင့် ဆက်စပ် အဆောက်အဦများ တည်ဆောက်ပြီးစီးမှု၊


*စာမျက်နှာ ၃ ကော်လံ ၁* ❑


**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများ ထုတ်ပြန်ပြီးသည့်နောက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ** သည်လည်းကောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ** နှင့် **ရခိုင့် ဦးဆောင်ပါတီ [Arakan Front Party (AFP)]** တို့သည်လည်းကောင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၄ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၉ ပါတီဖြစ်၍ စုစုပေါင်း ၁၃ ပါတီ ဖြစ်သည်။ ယင်း ၁၃ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၅ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၈ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနား မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





ဆွေးနွေးပွဲတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်းက အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှု ကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် အရေးယူခံရမည့်အပြင် ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေနိုင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သိရှိရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား ယုံကြည်မှုတည်ဆောက်ရာတွင် အရေးပါသည့် ပေါင်းကူးတံတားသဖွယ်ဖြစ်သည့်အတွက် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူ/တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သန့်ရှင်းသည့် အစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်တစ်ခုကို အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့်သာ အကောင်အထည်ဖော် တည်ဆောက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က အဂတိလိုက်စားမှုသည် လာဘ်ပေးလာဘ်ယူခြင်းထက် ပိုမိုကျယ်ပြန့်ပါကြောင်း၊ အဂတိလိုက်စားမှုကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်နှင့် ဥပဒေမူဘောင်ခိုင်မာရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်ခဲ့ပြီး ဥပဒေရည်ရွယ်ချက်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရဌာန/ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ အပါအဝင်၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် အထူးလိုအပ်ပါကြောင်း၊ လုပ်ငန်းများကို ပိုမိုထိရောက် လွှမ်းခြုံဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်မှစ၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းအပြင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) နှင့် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်း (Corruption Risk Assessment–CRA) ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရန်အတွက် ကျင့်ဝတ်များ ထိန်းသိမ်းလိုက်နာစေရန်နှင့် ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကိုတည်ဆောက်နိုင်ရန်၊ EDU–tainment အစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ဖွင့်လှစ်မည့် အခြေခံမူလတန်း၊ အလယ်တန်း၊ အထက်တန်း ဆရာ/ဆရာမ မွမ်းမံသင်တန်းများ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေး သင်ခန်းစာများ ဆွေးနွေးပို့ချနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် ကော်မရှင်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆွေးနွေးပွဲသို့ ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်များ တက်ရောက်ကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ဟောပြောသည်။ ထို့အပြင် ဖေဖော်ဝါရီ ၂၈ ရက်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာများကို ကချင်ပြည်နယ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) မှ အဖွဲ့ဝင်များကို ဆက်လက်ပို့ချဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရာရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# သတိထားရှောင်ရှားကာကွယ်ရမည့် တိရစ္ဆာန်များမှ ကူးသည့်ရောဂါ

သတ္တလောကကြီးတွင် လူနှင့်အတူ တိရစ္ဆာန်များနှင့် အခြားသက်ရှိဇီဝများလည်း အမြောက်အမြား ရှင်သန်နေထိုင်ကြရာ လူနှင့် တိရစ္ဆာန်များအကြားတွင် ထင်မှတ်မထားဘဲ ပေါ်ထွက်လာသည့် ရောဂါအသစ်အဆန်းများက လူသားထုတစ်ရပ်လုံးကို မကြာခဏဆိုသလို ခြိမ်းခြောက်လျက်ရှိသည်။ ၂၁ ရာစုသို့အဝင် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း ဖြစ်ပွားခဲ့သည့် အထိတ်တလန့်ဖြစ်ဖွယ် ရောဂါများ၏ ၇၅ ရာခိုင်နှုန်းမှာ တိရစ္ဆာန်မှ လူသို့ ကူးစက်သော ရောဂါများ ဖြစ်သည်။ ကမ္ဘာ့လူဦးရေတိုးပွားလာခြင်း၊ ကမ္ဘာတစ်ဝန်းသို့ လူနှင့်ကုန်စည်များ အမြောက်အမြား လျင်မြန်စွာ ကူးသန်းသွားလာနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းခြင်းနှင့် ရာသီဥတုပြောင်းလဲလာခြင်းတို့က တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သော ရောဂါများ (Zoonosis)တို့ ပေါ်ထွက်လာရခြင်း၏ အခြေခံအကြောင်းရင်းများ ဖြစ်သည်ဟုဆိုသည်။

တိရစ္ဆာန်များဟု ဆိုရာတွင် သားရိုင်းတိရစ္ဆာန်များနှင့်တကွ ကျွဲ၊ နွား၊ ကြက်၊ ဝက် ကဲ့သို့သော မွေးမြူရေးတိရစ္ဆာန်များ၊ ခွေး၊ ကြောင် စသည့် ချစ်မွေးတိရစ္ဆာန်များလည်း ပါဝင်သည်။ တိရစ္ဆာန်မှ လူသို့ ကူးစက်သောရောဂါ (Zoonosis) ဟူသည် ကျောရိုးရှိသတ္တဝါများမှ လူသို့ သဘာဝအလျောက် ရောဂါပိုးများ ကူးစက်ခြင်းဖြင့် လူတွင် ရောဂါဖြစ်ပွားခြင်းကို ဆိုသည်။ ကမ္ဘာအနှံ့တွင် လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 နှင့် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း ဖြစ်ပွားခဲ့သည့် ဆားစ်၊ မားစ်၊ ကြက်ငှက်တုပ်ကွေး၊ ဝက်တုပ်ကွေး၊ အီဘိုလာ၊ မျောက်ကျောက် စသည်တို့အပြင် ၂၀ ရာစု လူသားကမ္ဘာကို ခြိမ်းခြောက်ခဲ့သည့် HIV/AIDS စသည့် ရောဂါအပေါင်းတို့၏ မူလအစမှာ တိရစ္ဆာန်များထံမှ ဖြစ်သည်။ တိရစ္ဆာန်မှ လူသို့ ကူးစက်သည်ဟုဆိုရာတွင် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ခြင်း၊ တိရစ္ဆာန်များ၏ခန္ဓာကိုယ်ရှိ ကပ်ပါးကောင်များဖြစ်သော သန်း၊ လှေး၊ မွှားနှင့် သန်ကောင်များမှတစ်ဆင့် ကူးစက်ခြင်း၊ တိရစ္ဆာန်များ၏ သွေး၊ တံတွေး၊ ဆီး၊ မစင်တို့မှတစ်ဆင့် ကူးစက်ခြင်း၊ တိရစ္ဆာန်များ၏ ခန္ဓာကိုယ်အရေပြား၊ အမွေးအမှင်တို့မှတစ်ဆင့် ကူးစက်ခြင်း၊ တိရစ္ဆာန်အစာရေတို့မှလည်းကောင်း၊ ကိုက်မိခြင်း၊ ကုတ်ခြစ်မိခြင်းတို့မှလည်းကောင်း ကူးစက်ခြင်း စသည့် နည်းလမ်းအမျိုးမျိုးဖြင့် ကူးစက်နိုင်သည်ကို သတိပြုကြရန် လိုသည်။

သားရိုင်းတိရစ္ဆာန်များ၊ မွေးမြူရေးတိရစ္ဆာန်များ၊ pet ခေါ် ချစ်မွေးတိရစ္ဆာန်များအားလုံးတို့သည် လူတို့အတွက် ရောဂါများ ကူးစက်စေနိုင်သည့် အရင်းအမြစ်များ ဖြစ်စေကာမူ ကင်းကွာနေ၍ မရသည့်အလျောက် ရောဂါကူးစက်မှုများ ဖြစ်ပေါ်မလာစေရန် ဉာဏ်ပညာ၊ သတိတရားတို့ဖြင့် ကာကွယ်ကြရမည်ဖြစ်သည်။ လူသားတို့စားသုံးရန် အသား၊ နို့၊ ဥ စသည့်လိုအပ်ချက်တို့ မြင့်မားလာသည်နှင့်အမျှ တိရစ္ဆာန်များကို တိုး၍ မွေးမြူလာကြရမည်ဖြစ်သလို လူနေမှုစနစ်များ ပြောင်းလဲလာခြင်း၊ လူဦးရေတိုးပွားလာခြင်းတို့ကြောင့် အိမ်မွေးတိရစ္ဆာန်များ မွေးမြူမှုများပြားလာခြင်း၊ တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်မှု မြင့်မားလာခြင်းတို့လည်း ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်ရာ အနာဂတ်တွင် တိရစ္ဆာန်မှ လူသို့ ကူးစက်သည့်ရောဂါများ ကြောက်မက်ဖွယ်ရာ ထပ်မံဖြစ်ပေါ်မလာစေရေးအတွက် သားရိုင်းတိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ဇီဝလုံခြုံရေးကို အမြင့်မားဆုံး ဂရုပြုရေး၊ တိရစ္ဆာန်များနှင့်အတူ ယှဉ်တွဲနေထိုင်ရာတွင် ရောဂါများ ကူးစက်မခံရစေရေးအတွက် လူတိုင်းကျန်းမာရေးအသိအမြင်ဖြင့် ကျင့်သုံးနေထိုင်ကြရေးတို့ကို အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ရှင်းလင်းတင်ပြစဉ်။

❑ ရှေ့စာမျက်နှာမှ

စက်ယန္တရားများနှင့် မြစ်တွင်းသွားသယ်ယူပို့ဆောင်ရေး ယာဉ်များ ရောက်ရှိမှု၊ ပလက်ဝပြည်တွင်း ရေကြောင်း ဆိပ်ကမ်းတည်ဆောက်ပြီးစီးမှု၊ ရေလမ်းကြောင်း သောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပလက်ဝမှ မြန်မာ-အိန္ဒိယ နယ်စပ်အထိ အဝေးပြေး ကားလမ်းဖောက်လုပ်ရန်ဆောင်ရွက်နေမှု၊ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်ဆိပ်ကမ်းအဖြစ် သတ်မှတ်ဆောင်ရွက်ခြင်း၊ ပြည်တွင်းဆိပ်ကမ်းအဖြစ် သတ်မှတ်ရန် ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းပြီးစီးပါက ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အပြန်အလှန်ဆွေးနွေး**

ရှင်းလင်းတင်ပြမှုများ နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းသည် ရခိုင်ပြည်နယ်အတွက် များစွာ အကျိုးဖြစ်ထွန်းစေနိုင်သည့် စီမံကိန်းတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပကုန်စည်စီးဆင်းမှုများကို ပိုမိုလျင်မြန်စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသည် ကောင်းမွန်သည့် ဆက်ဆံရေး သမိုင်းကြောင်းရှိပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများ ဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် နှစ်နိုင်ငံကူးလူးဆက်သွယ်မှု၊ ကုန်သွယ်မှုကို ပိုမိုတိုးမြှင့်လာစေနိုင်မည် ဖြစ်ပြီး နှစ်နိုင်ငံလုံးအတွက် မဟာဗျူဟာအရ အရေးကြီးသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပလက်ဝဒေသအပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင်ကုလားတန်မြစ်ကြောင်း တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းအမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနိုင်ရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း မှာကြားပြီး တက်ရောက်လာကြသူများနှင့် စီမံကိန်းဆိုင်ရာများကို အပြန်အလှန် ဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား စစ်တွေမြို့ဆိုင်ရာ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Bibekananda Bhattamishra နှင့် တာဝန်ရှိသူများက ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုရာ စစ်တွေမြို့ဆိုင်ရာ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Bibekananda Bhattamishra နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေး မှာကြားသည်။

**အကျိုးကျေးဇူးများရရှိ**

အဆိုပါ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းဆောင်ရွက်ပြီးစီးပါက မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှု အခွင့်အလမ်း ပိုမိုရရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ ပေါ်ပေါက်လာပြီး အိန္ဒိယနိုင်ငံနှင့်သာမက အခြားနိုင်ငံများနှင့်ပါ တိုက်ရိုက် ကုန်သွယ်နိုင်ခြင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ ဒေသခံများအနေဖြင့် ရေကြောင်းသွားလာမှုကို အခြေခံသော ကမ္ဘာလှည့်ခရီးသွားများနှင့် ပတ်သက်သည့် အခွင့်အလမ်းများ ရရှိလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❖ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းသည် ရခိုင်ပြည်နယ်အတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်သည့် စီမံကိန်းတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပကုန်စည်စီးဆင်းမှုများကို ပိုမိုလျင်မြန်စေမည်**

**❖ ယခုစီမံကိန်းသည် နှစ်နိုင်ငံကူးလူးဆက်သွယ်မှု၊ ကုန်သွယ်မှုကို ပိုမိုတိုးမြှင့်လာစေနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံလုံးအတွက် မဟာဗျူဟာအရ အရေးကြီးသည့် စီမံကိန်းတစ်ခုဖြစ်**

## မုဒုံမြို့နယ်၌ မွန်ရိုးရာဝတ်စုံများ၊ စောင်နှင့် ပဝါများ ရက်လုပ်ရောင်းချ

မုဒုံ ဖေဖော်ဝါရီ ၂၇

မွန်ပြည်နယ် မုဒုံမြို့နယ် နိုင်လုံကျေးရွာရှိ ရက်ကန်းကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများက စုပေါင်း၍ ရွှေချည် (Suitta Htaw) ရက်ကန်းကုန်ထုတ်သမဝါယမအသင်းလီမိတက်အသင်းကို ဖွဲ့စည်းပြီး အသင်းမှအသင်းသားများသည် လိုအပ်သည့် ကုန်ကြမ်းများကို အမရပူရမြို့နှင့် ဒေသတွင်းမှ ဝယ်ယူ၍ လက်ရက်ကန်းစင် ၂၅ စင်ဖြင့် မွန်ရိုးရာဝတ်စုံ (ကျား၊မ)၊ စောင်နှင့် ပဝါများ ရက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုရက်ကန်းစင်များမှ တစ်လလျှင် မွန်ရိုးရာဝတ်စုံ (ကျား၊ မ) အထည် ၁၀၀၊ စောင် အထည် ၂၀ နှင့် ပဝါ ၁၀ ထည် ရက်လုပ်နိုင်ပြီး ထုတ်လုပ်ရရှိသည့် အထည်များကို လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

# ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိအောင် ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာ မှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်လျက်ရှိမှု၊ One Village One Product လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်မှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ MSME လုပ်ငန်းရှင်များအတွက် ချေးငွေများထုတ်ချေးပေးထားမှုနှင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ပေးထားရှိမှု၊ MSME ထုတ်ကုန်ပြပွဲများ ကျင်းပပြုလုပ်လျက်ရှိမှုနှင့် ရခိုင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

ယင်းနောက် ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်အောင်ဦး၊ ရခိုင်ပြည်နယ် ဆန်စပါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရွှေထွန်းအောင်၊ ရခိုင်ပြည်နယ် ဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်အေးမောင်၊ ရခိုင်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများတွင် အချိန်လိုအပ်ချက်ကြောင့် အခက်အခဲရှိမှု၊ နယ်စပ်ကုန်သွယ်ရေးအတွက် ဆိပ်ခံတံတားတည်ဆောက်ပေးစေလိုမှု၊ ကုန်သွယ်မှုအတွက် ရာသီမရွေးသွားလာနိုင်သည့် ကားလမ်းများ ဖောက်လုပ်ပေးစေလိုမှု၊ ကမ်းရိုးတန်းသွားကုန်သွယ်ရေး သင်္ဘောများ ပြေးဆွဲပေးစေလိုမှု၊ ဘဏ်စနစ်များကို ပြည်ပနိုင်ငံများနှင့် တိုက်ရိုက်ပေးချေဆောင်ရွက်နိုင်ရေး ရခိုင်ပြည်နယ်အတွင်း ခွင့်ပြုပေးရန် လိုအပ်မှု၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရေးအတွက် စက်မှုဇုန်များ ခွင့်ပြုဆောင်ရွက်ပေးရန်လိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း နွေစပါးစိုက်ပျိုးမှု နည်းပါးပြီး ယခုအခါ တောင်သူများအနေဖြင့် နွေစပါး စိုက်ပျိုးလိုမှုများပြားလာခြင်းကြောင့် လိုအပ်သည့် စိုက်ပျိုးရေများ ရရှိအောင် ဆောင်ရွက်ပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်၊ နည်းပညာ၊ သွင်းအားစုနှင့် အခြားလိုအပ်သည်များကို နိုင်ငံတော်မှ ကူညီပံ့ပိုးပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း ဆီထွက်သီးနှံများ စိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ဆီစက်လုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် ရင်းနှီးမတည်ငွေများ လိုအပ်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း ဆားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်လုပ်နိုင်မှု၊ ဈေးကွက်လိုအပ်ချက်အရ ဆားလိုအပ်ချက်များ ပိုမိုများပြားလာသည့်အတွက် ဆားကောင်းဆားသန့်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး လိုအပ်သည့် ရင်းနှီးမတည်ငွေများ ပံ့ပိုးကူညီပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့်အလတ်စား

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း အများအပြား ပေါက်ရောက်ဖြစ်ထွန်းသည့် ဓနိပင်မှ အဆင့်မြင့်ထုတ်ကုန်များကို ထုတ်လုပ်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း ချည်မျှင်နှင့် ရက်ကန်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း နယ်စပ်ဒေသကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်မှ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထိုက်သင့်သောအတိုးနှုန်းများဖြင့် ထုတ်ချေးပေးလျက်ရှိမှု၊ တင်ပြချက်များတွင် ပါဝင်သည့် ရင်းနှီးမတည်ငွေများကိုလည်း သတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် စနစ်တကျ ဆက်သွယ်ဆောင်ရွက်ပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်နှင့် လောင်စာဆီသုံး မြစ်ရေတင်လုပ်ငန်းများ များစွာကို ပြုလုပ်ထားရှိပြီးဖြစ်သော်လည်း စိုက်ဧက ယခုထက်ပိုမိုအကျိုးပြုနိုင်မည့် မြစ်ရေတင်လုပ်ငန်း၊ ချောင်းရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များဖွဲ့၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း သစ်တောသယံဇာတများကို အကျိုးရှိစွာ ထုတ်ယူသုံးစွဲရန်နှင့် အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် ပြုန်းတီးမှုမဖြစ်စေရေး၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမဖြစ်စေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရန်လည်း လိုအပ်မှု၊ အရည်အသွေးမြင့်ဆားများကို ပြည်ပမှ တင်သွင်းနေရမှုအား လျှော့ချနိုင်ရေးအတွက် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ ဆားလုပ်ငန်းရှင်များအနေဖြင့် မိရိုးဖလာဆားထုတ်လုပ်မှု နည်းစနစ်များထက် နည်းစနစ်တကျ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

အရည်အသွေးမြင့် ဆားများ ထုတ်လုပ်သည့် နည်းစနစ်များကို အသုံးပြုကြရန် လိုအပ်မှု၊ MSME လုပ်ငန်းများအတွက် နည်းပညာ လိုအပ်ချက်များအတွက် သင်တန်းများ ပို့ချပေးမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ တရားမဝင်ကုန်သွယ်မှုသည် ပြည်တွင်းစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို များစွာ ထိခိုက်နစ်နာစေနိုင်သည်ဖြစ်သဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြရန် လိုအပ်မှုစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေး ပြောကြားကြသည်။

### ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ရေးတို့အတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် ရင်းနှီးမတည်ငွေများ ထုတ်ပေးခဲ့ပြီး ရခိုင်ပြည်နယ်အတွက် ရန်ပုံငွေကျပ် ၁၀ ဘီလီယံ ကို ထုတ်ပေးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် အားပေးဆောင်ရွက်ကြရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ရပြီး ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမှုမရှိခဲ့ခြင်းကြောင့်လည်း အခက်အခဲများ ပိုမိုတွေ့ကြုံခဲ့ရကြောင်း၊ ယခင်က မိမိတို့နိုင်ငံသည် ပြည်ပမှ ထောက်ပံ့မှုများ ချေးငွေများကို အလွန်အမင်းအားကိုး၍ ရပ်တည်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွား ပြန်လည်တိုးတက်စေရေး မိမိတို့အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြကြောင်း၊ စီးပွားရေး မြှင့်တင်မှုများဆောင်ရွက်ရာတွင် ခိုင်မာသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုသဖြင့် ဒေသတွင်းရရှိသည့် ကုန်ကြမ်းပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ စီးပွားရေးမှာ နိမ့်ကျလျက်ရှိသဖြင့် ၎င်းတို့၏ လူမှုဘဝတိုးတက်စေရေး ကျေးလက်ကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

### ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားပေးခြင်းပင်ဖြစ်

ပြည်တွင်း စီးပွားရေး တိုးတက်ရန်အတွက် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အသုံးပြုရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်ခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းများကို ပေါများလာစေမည်ဖြစ်ပြီး ငွေကြေးလည်ပတ်မှုများလည်း ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများမှ ထွက်ရှိသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိပြီး ထုတ်ကုန်များ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

### ဒေသထွက်ကုန်များနှင့် သယံဇာတများကို အကျိုးရှိရှိအသုံးချပြီး ဒေသနှင့် ဒေသခံများ၏ အကျိုးစီးပွား တိုးတက်စေမည်

ရခိုင်ပြည်နယ်သည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီး သဘာဝသယံဇာတများလည်း များစွာကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ရော်ဘာကုန်ကြမ်းများ များစွာထွက်ရှိသဖြင့် ရော်ဘာကို အခြေခံသည့် တန်ဖိုးမြှင့်လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းသုံးစွဲမှုကို အထောက်အကူပြုမည်ဖြစ်ပြီး ပိုလျှံသည်များကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၌သုံးစွဲမှုများသည့် မော်တော်ကားတာယာနှင့် မော်တော်ဆိုင်ကယ်တာယာကဲ့သို့သော ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှလည်း သားရေများ ထုတ်လုပ်၍ရနိုင်ပြီး ရော်ဘာနှင့် သားရေကို အခြေခံသည့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် စက္ကူများကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများစွာ သုံးစွဲရလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း စက္ကူပျော့ဖတ်များ ထုတ်လုပ်နိုင်သည့် အခြေခံကုန်ကြမ်းဖြစ်သော ဝါးများရှိပြီးဖြစ်သဖြင့် စနစ်တကျဖြင့် အသုံးပြုကြစေလိုကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်အတွင်း အုန်းပင်များ များစွာဖြစ်ထွန်းပေါက်ရောက်သဖြင့် အုန်းနှင့် အုန်းထွက်ပစ္စည်းများကို အောင်မြင်စွာ ထုတ်လုပ်နိုင်ကြောင်း၊ ပြည်နယ်အတွင်းရှိနေသည့် ကုန်ကြမ်းပစ္စည်းများကိုအသုံးပြု၍ စက်မှုထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် ဒေသအတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုများအတွက် သွင်းအားစုများ မဖြစ်မနေလိုအပ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သဘာဝဓာတ်မြေဩဇာများ ရရှိရေး မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများမှ တစ်ဆင့် ဇီဝမြေဩဇာများ ရရှိစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စုပေါင်းသမဝါယမစနစ်ဖြင့် စနစ်တကျ မွေးမြူဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုအောင်မြင် ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၆ သို့*

- ရခိုင်ပြည်နယ် ထာဝရငြိမ်းချမ်းစေရေး ဆောင်ရွက်နိုင်မှ သာလျှင် ဒေသခံနောင်လာနောက်သားများကို ကောင်းမွန်သည့် အနာဂတ်ဘဝများ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပြီး ဒေသသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်မည်
- ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ရခိုင်ပြည်နယ်တွင် လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အားလုံးတက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

*စာမျက်နှာ ၅ မှ*

### ပညာရေးအားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်ကို တည်ဆောက်

မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ လူသာလျှင် ပဓာနဖြစ်ကြောင်း၊ လူ၏ ကြိုးစားအားထုတ်မှုဖြင့်သာ လုပ်ငန်းများ အောင်မြင်နိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်များ ရရှိစေရေး ပညာရေးကို အားပေးရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အားနည်းမှုများရှိခဲ့သဖြင့် ပညာရည်မြင့်မားရေး၊ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ များစွာပေါ်ထွန်းလာရေး ပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင်က ရခိုင်ပြည်နယ်၏ ပညာရေးမှာ မြင့်မားခဲ့သည်ကို တွေ့ရှိရသော်လည်း နောက်ပိုင်းတွင် ကျဆင်းမှုများရှိခဲ့ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ နည်းပါးခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ပညာရေးအားနည်းမှုများသည် လုပ်ငန်းကျွမ်းကျင်မှုရှိသည့် လုပ်သားများဖြစ်သည့် ကျွမ်းကျင်လုပ်သား(Skill Labour) အရင်းအမြစ်များကို နည်းပါးစေခဲ့ကြောင်း၊ ထို့ကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း များစွာနောက်ကျကျန်ခဲ့ရသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံ၏ ပညာရေးသည် မဖြစ်မနေအားပေးမြှင့်တင်ဆောင်ရွက်ရမည်ကို သတိပြုဖွယ် တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်း ပညာရည်မြင့်မားရေးကို မိမိတို့အနေဖြင့် အလေးထား အားပေးဆောင်ရွက်လျက်ရှိကြောင်း။

လူသားအရင်းအမြစ် လိုအပ်ချက်နှင့်ပတ်သက်၍ တက္ကသိုလ်များ၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဒေသအလိုက် ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ သားသမီးများ ပညာတတ်များဖြစ်စေရေး ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာတတ်များဖြစ်မှသာလျှင် ၎င်းတို့၏ လူမှုဘဝရပ်တည်မှုများ မြင့်မားနိုင်မည်ဖြစ်သဖြင့် ကောင်းမွန်သည့် ပညာအမွေများပေးနိုင်ရေး မိဘများအနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာတတ်များ ပေါ်များမှသာ နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ ရရှိမည်ဖြစ်သဖြင့် ကျောင်းသားမိဘများ၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပညာရည် မြှင့်တင်ရေးလုပ်ငန်းများကို အလေးထား အားပေးဆောင်ရွက်ကြစေလိုကြောင်း။

**"ရခိုင်ပြည်နယ်သည် ပြည်တွင်း၊ ပြည်ပခရီးသွား လုပ်ငန်းများအတွက် အခြေခံကောင်းများ ရှိပြီးဖြစ်၊ ခရီးသွားလုပ်ငန်းများ တိုးတက်လာမည်ဆိုပါက ဒေသထွက်အစားအစာများနှင့် အသုံးအဆောင်များကို ရောင်းချနိုင်မည်၊ ထိုသို့ရောင်းချနိုင်ရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်မှုများကို ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်စေရန်နှင့် ထုပ်ပိုးမှုများကို အဆင့်မီအောင် ဆောင်ရွက်"**

### ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

ရခိုင်ပြည်နယ်သည် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများအတွက် အခြေခံကောင်းများ ရှိပြီးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများ တိုးတက်လာမည်ဆိုပါက ဒေသထွက် အစားအစာများနှင့် အသုံးအဆောင်များကို ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ရောင်းချနိုင်ရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်မှုများကို ဆောင်ရွက်ရာတွင် အရည်အသွေး ကောင်းမွန်စေရန်နှင့် ထုပ်ပိုးမှုများကို အဆင့်မီအောင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ခရီးသွားများကို ဆွဲဆောင်နိုင်ရန်အတွက် မိမိတို့ဒေသ သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပမှသာ မျက်စိပသာဒဖြစ်စေမည်ဖြစ်ကြောင်း။

### ဒေသတည်ငြိမ်အေးချမ်းမှသာ ကောင်းမွန်သည့် အနာဂတ်ကို လက်ဆင့်ကမ်းနိုင်မည်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်သင့်သည်များကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ **ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊** နိုင်ငံတော်မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြန်လည် ကျင်းပနိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲ ပြန်လည်ကျင်းပချိန်တွင် ရခိုင်ပြည်နယ်လုံးကျွတ် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **ရခိုင်ပြည်နယ် ထာဝရငြိမ်းချမ်းစေရေး ဆောင်ရွက်နိုင်မှသာလျှင် ဒေသခံ နောင်လာနောက်သားများကို ကောင်းမွန်သည့် အနာဂတ်ဘဝများ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပြီး ဒေသသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်မည်ဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက်များ၊ စီးပွားရေးရည်မှန်းချက်များ ချမှတ်၍ဆောင်ရွက်လျက်ရှိပြီး အဆိုပါရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ **ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ရခိုင်ပြည်နယ်တွင် လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလို**ကြောင်းဖြင့် ဆွေးနွေး တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ရေထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှု ထုတ်ကုန်များ၊ အဝတ်အထည်များ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေး လုပ်ငန်းရှင်များက လိုက်လံရှင်းလင်း တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သံတွဲမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးအေးကျော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး မွန်းလွဲပိုင်းတွင် ၆၆/၁၁ ကေဗွီ သံတွဲဓာတ်အားခွဲရုံသို့ သွားရောက်၍ ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ရှေးဦးစွာ သံတွဲခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ခရိုင်လျှပ်စစ်အင်ဂျင်နီယာနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် တို့က သံတွဲခရိုင်အတွင်း မြို့နယ်အလိုက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နောင်တွင် တိုးတက်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်များကို ကြိုတင်တွက်ချက်၍ ဓာတ်အားဖြန့်ဖြူးမှုစနစ်ကို စီမံဆောင်ရွက်ထားရန်၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး၊ ဓာတ်အားခ စနစ်တကျကောက်ခံရရှိရေး၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေး အလေးထား ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး လုပ်ငန်းတာဝန်များကို လုံခြုံရေးအသိ၊ သတိဖြင့် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သံတွဲမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးပေးနေသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း၊ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ၊ သံတွဲ (နန်းချောင်း) ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားခွဲရုံထိန်းသိမ်းပြုပြင်မှုကို ပုံမှန်ဆောင်ရွက်ရန်နှင့် ဓာတ်အားခွဲရုံအတွင်း ရေစီးရေလာကောင်းမွန်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

## သံတွဲခရိုင်လူထုအခြေပြုဗဟိုဌာန၌ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကျင်းပ



သံတွဲ ဖေဖော်ဝါရီ ၂၇

သံတွဲခရိုင်လူထုအခြေပြုဗဟိုဌာန၏ လိုအပ်ချက်များနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အဆိုပါဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရခိုင်ပြည်နယ်ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းက အမှာစကားပြောကြားပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က မှတ်တမ်းလွှာပေးအပ်ပွဲကျင်းပရခြင်းနှင့် သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သံတွဲခရိုင်လူထုအခြေပြုဗဟိုဌာန ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းသန့်ကျော်က ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အလှူရှင်များအား ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့် အဖွဲ့ဝင်များ၊ Community Centre ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းသန့်ကျော်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(ဝဲပုံ)**

သံတွဲခရိုင်လူထုအခြေပြုဗဟိုဌာန (Community Centre) အနေဖြင့် ဖွင့်လှစ်ခဲ့သည့် ၂၀၂၂ ခုနှစ်မှ ယနေ့အချိန်ကာလအထိ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အလှူခံရရှိငွေကျပ်မှာ ၉၁၃၈၃၀၀ ရရှိခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို မာရဝိဇယရုပ်ပွားတော်မြတ်ကြီးတွင်ထားရှိမည့် ပန်းချီကားများရေးဆွဲနေမှုကို ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် Myanmar Arts Center ၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်များတွင်ထားရှိမည့် ပန်းချီကားများ ရေးဆွဲနေမှုကို ကြည့်ရှုစစ်ဆေးရာ(ဝဲပုံ) တာဝန်ရှိသူများနှင့် ပန်းချီပညာရှင်များက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ပန်းချီရေးဆွဲမှုအကြောင်းအရာ နည်းစနစ်များနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းကာ ပန်းချီကားများ အချိန်မီပြီးစီးရေးနှင့် လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

မြန်မာတို့၏ ရေးထုံးအစဉ်အလာနှင့်အညီ နိပါတ်တော်ပန်းချီကားများအဖြစ် ဗုဒ္ဓဝင်ဆီဆေးပန်းချီကား ၉၆ ချပ် (ဂန္ဓကုဋိတိုက် တစ်လုံးတွင် လေးချပ်စီ)ကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ် အတွင်းရှိ ဂန္ဓကုဋိတိုက် ၂၄ လုံးအတွင်း၌ ထည့်သွင်းထားရှိနိုင်ရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)နှင့် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံးဝင်များက ရေးဆွဲလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓဝင်ပန်းချီကား ၉၆ ချပ်အနက် ပထမအကြိမ် ဆီဆေးပန်းချီကား ၃၂ ချပ် ရေးဆွဲခြင်းလုပ်ငန်းသည် ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီး ဒုတိယအကြိမ် ဆီဆေးပန်းချီကား ၃၂ ချပ် ရေးဆွဲခြင်းလုပ်ငန်းကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)နှင့် Myanmar Arts Center တို့တွင် ရေးဆွဲလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

# ကချင်ပြည်နယ်ဝန်ကြီးချုပ် နောင်မွန်းမြို့နယ်အတွင်းရှိ တောင်သူများ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်စေရန် ထောက်ပံ့ငွေများပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၇**

မြန်မာပြည်မြောက်ဖျား ပူတာအိုခရိုင်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာစေရေးအတွက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ခေါင်လန်ဖူးမြို့သို့သွားရောက်ပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့အတွက် ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၃ ရက်က မြန်မာပြည်မြောက်ဖျား ခေါင်လန်ဖူးဒေသသို့ သွားရောက်ရာ နောင်မွန်းမြို့နယ် ရပ်ဘော့ကျေးရွာအုပ်စုအတွင်းရှိ ခေါင်လန်ဖူးသွားလမ်းပေါ်ရှိ မဂ္ဂဇတ်တား၌ နောင်မွန်းမြို့နယ်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်နေသော ရပ်ကွက်/ ကျေးရွာများမှ စီမံကိန်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာစေရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရင်းနှီးမတည်ပေးနေမှုများအပေါ် နောင်မွန်းမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုဖြစ်ထွန်းအောင်မြင်စေရန်နှင့် မတည်ငွေများတိုးပွားလာစေရန် ဌာနဆိုင်ရာများနှင့် ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားကာ ဒေသခံတောင်သူများအတွက် လိုအပ်ချက်ရှိသည့် ဆီစက်နှစ်လုံး၊ ခြွေလှေ့စက်တစ်လုံးနှင့် ဝက်မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ်သိန်း ၂၀၀ ထပ်မံမတည်ရင်းနှီးပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က နောင်မွန်းမြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းအတွက် ထောက်ပံ့ငွေကျပ် ၁၆ သိန်းနှင့် မြို့နယ်ဌာနဆိုင်ရာများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ခေါင်လန်ဖူးဒေသအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၆၄၅၀၀၀ တန်ဖိုးရှိ ခြင်ထောင်အလုံး ၅၀၊ ဆပ်ပြာတောင့် ၅၀၊ ရေနွေးအိုးအလုံး ၅၀၊ ပလတ်စတစ်ရေပုံး ၅၀ နှင့် ခေါင်းအချောင်းရေ ၅၀ တို့နှင့် ရဝမ်နှင့် လီဆူ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်းစီဖြင့် စုစုပေါင်းငွေကျပ်လေးသိန်း၊ ခေါင်လန်ဖူးဒေသရှာကော် စိုက်ပျိုးရေးအတွက် ပျိုးပင်ပေါက်များ ဖြန့်ဝေနိုင်ရေးအတွက် ငွေကျပ်ငါးသိန်းနှင့်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝက်မွေးမြူရေး ဆောင်ရွက်သည့် တောင်သူများအတွက် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးဝါးများနှင့် မွေးမြူရေး အထောက်အကူပြုဆေးဝါးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

---

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဆိပ်ခံတံတား(သီလဝါ)မှ ထွက်ခွာရာ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ် ထိန်ဝင်း၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဗိုလ်မှူးချုပ် ကျော်ဇေယျ၊



တပ်မတော်အရာရှိကြီးများ၊ အရာရှိ စစ်သည်မိသားစုများနှင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်း ဦးဆောင်သော ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။(**အပေါ်ပုံ**)

အဆိုပါ တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)တွင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများ လိုက်ပါ၍ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ECG စက်၊ X-Ray စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မိုး/ဇလ

# နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် ဝီရိယ၊ သစ္စာ၊ ဉာဏ၊ သမာဓိ လေးမျိုးဖြင့် နိုင်ငံအကျိုးကို ကောင်းမွန်စွာသယ်ပိုးနိုင်သော နိုင်ငံ့ဝန်ထမ်းများဖြစ်ရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃)သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား တိုးတက်လာစေရေးအတွက် နိုင်ငံတော်မှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၁၂) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေး ဦးတည်ချက် (၄) ရပ်အနက်မှ ဒုတိယအချက်ဖြစ်သော ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနတွင်းရှိ ဝန်ထမ်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စ၊ ကုမ္ပဏီဆိုင်ရာကိစ္စ၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ အောက်ရှိ ပညာရပ်ဆိုင်ရာ ကိစ္စရပ်များကို ထိထိရောက်ရောက် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် လုပ်ဆောင်နိုင်စေရန်အတွက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကို ဖွင့်လှစ်ပေးခြင်း ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည် (Capacity) တိုးတက်စေရေးအတွက် ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည် တတ်ကျွမ်းရန် လိုအပ်ပါကြောင်းနှင့် ဝန်ထမ်းများအားလုံး နိုင်ငံ့တာဝန် ထမ်းဆောင်ရာတွင် ဝီရိယ၊ သစ္စာ၊ ဉာဏ၊ သမာဓိ လေးမျိုးဖြင့် နိုင်ငံအကျိုးကိုကောင်းမွန်စွာ သယ်ပိုးနိုင်သော နိုင်ငံ့ဝန်ထမ်းများဖြစ်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် သင်တန်းသားများနှင့် Group Presentation အကောင်းဆုံးရရှိသည့် သင်တန်းသားများကို ဆုများချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းသားများကို သင်တန်းဆင်း လက်မှတ်ပေးအပ်သည်။ ယင်းနောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက သင်တန်းမှရရှိသည့် အကျိုးကျေးဇူးများနှင့် သင်တန်းဖွင့်လှစ်ပို့ချပေးခြင်းအတွက် ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် စီမံခန့်ခွဲမှု သဘောတရားများ (Management)၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု (Good Governance)၊ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ(Myanmar Companies Law)၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ (Myanmar Investment Law) နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို သင်ကြားပို့ချပေးခဲ့ပြီး အဆိုပါ သင်တန်းသို့ အရာထမ်း၊ အမှုထမ်း ၄၀ က လူကိုယ်တိုင်နှင့် အွန်လိုင်းမှတစ်ဆင့် ၃၄ ဦး စုစုပေါင်း ၇၄ ဦး တက်ရောက်ခဲ့ကြသည်။




အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာဝဝမောင်၊ အဆင့်မြင့်အရာရှိများ၊ သင်တန်းသားများ အွန်လိုင်းအပါအဝင် စုစုပေါင်း အင်အား ၈၀ ကျော် တက်ရောက်ကြသည်။

ဝန်ကြီးဌာနတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၂၃) ကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတက္ကသိုလ်ရှိ ထူးချွန်ကျောင်းသား ကျောင်းသူများအား မြို့မိမြို့ဖများ၏ စတုတ္ထအကြိမ်မြောက် ပညာရည်ချွန်ရွှေတံဆိပ်ဆုများ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးတက္ကသိုလ်ရှိ ထူးချွန်ကျောင်းသား ကျောင်းသူများအား မြို့မိမြို့ဖများ၏ စတုတ္ထအကြိမ်မြောက် ပညာရည်ချွန် ရွှေတံဆိပ်ဆုများ ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၏ဇနီး ဒေါ်ရွှေဥ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးရွှေဇင်၊ မန္တလေး တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ပညာရည်ချွန်ရွှေတံဆိပ်ဆုချီးမြှင့်မည့် မြို့မိမြို့ဖ အလှူရှင်များ၊ ပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ဘာသာရပ်




အသီးသီးမှကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် က တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် ပညာတတ်များ ပညာရည်မြင့်မားသူများ တိုင်းဒေသကြီး အတွင်းမှ ပေါ်ထွက်ကာ ဖြည့်ဆည်းပေးနိုင်ရန် စိတ်အားထက်သန်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူနှင့် အစိုးရ ပူးပေါင်းကာ ထူးချွန်ထက်မြက်သူများကို ဂုဏ်ပြုချီးမြှင့် အားပေးနေပါကြောင်း၊ မန္တလေးတက္ကသိုလ်တွင် မြို့မိမြို့ဖအလှူရှင်များနှင့် ပူးပေါင်းကာ စံသတ်မှတ်ချက်များဖြင့် ဘာသာရပ်အလိုက် ထူးချွန်သူများအား ရွေးချယ်၍ ပညာရည်ချွန် ရွှေတံဆိပ်ဆုများ ချီးမြှင့်ခြင်းကို နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက မြို့မိမြို့ဖများနှင့် ကျောင်းသားဟောင်းများကို စတင်စည်းရုံး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သိရှိရပါကြောင်း၊ ဆုချီးမြှင့်ခြင်းကို ၂၀၁၇ ခုနှစ်မှစတင်၍ ၂၀၁၈၊ ၂၀၁၉ သုံးကြိမ် ကျင်းပခဲ့ပြီး ယနေ့သည် စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ ယနေ့အထိ ထူးချွန် ကျောင်းသား ကျောင်းသူ ၇၃ ဦးအား ချီးမြှင့်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးနှင့်ပတ်သက်၍ လိုအပ်သည့်အခန်းကဏ္ဍများ၌ ပါဝင်ဖြည့်ဆည်း ဆောင်ရွက် ပေးနိုင်သူများဖြစ်အောင် အစဉ်အမြဲကြိုးစားနေကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက ကျေးဇူးတင်စကားများနှင့် မြို့မိမြို့ဖ အလှူရှင်များကိုယ်စား ဦးတင်မောင်(သူရိန်နန်း)က ပညာရည်ချွန် ရွှေတံဆိပ်ဆုများ ချီးမြှင့်လှူဒါန်းရသည့် ရည်ရွယ်ချက်များနှင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ခဲ့မှုအဆင့်ဆင့်ကို ပြောကြားသည်။

ယင်းနောက် ပညာရည်ချွန်ရွှေတံဆိပ်များကို ချီးမြှင့်ရာ မြို့မိမြို့ဖအလှူရှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်ကို၏ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ မိသားစုနှင့် မြို့မိမြို့ဖ အလှူရှင်များက မန္တလေးတက္ကသိုလ်၌ ပညာသင်ကြားနေသည့် ဘာသာရပ် ၁၂ ခုမှ ထူးချွန် ကျောင်းသား ကျောင်းသူ ၁၂ ဦးကို ရွှေအလေးချိန် တစ်ကျပ်သားရှိ ပညာရည်ချွန် ရွှေတံဆိပ်ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပညာရည်ချွန် ရွှေတံဆိပ်ဆုများ လှူဒါန်းချီးမြှင့်ပေးခဲ့ကြသည့် မြို့မိမြို့ဖ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်းပေးအပ်သည်။ ထို့နောက် ပညာရည်ချွန် ရွှေတံဆိပ်ဆုရ ရူပဗေဒအထူးပြု ဘာသာရပ်မှ မဟာသိပ္ပံပထမနှစ် ကျောင်းသူ မလှလွန်းနိုင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။**(ဝဲပုံ)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကို၏ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုဖျော်ဖြေကပြမှုများကို ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်မြေသာစံမြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်း ဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်ရှိ မဟာကုသိုလ်တော်ကျောင်းတိုက်၌ လည်းကောင်း၊ မိတ္ထီလာမြို့နယ် ဆည်ကုန်းကျေးရွာအုပ်စု ဆည်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေး အဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူ ၇၂၇ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ပေါက်နီးဘုရားကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဘုန်းရိပ်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာသီရိကျောင်းတိုက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ဝိဇာတဗိမာန်မိုးကုတ်ကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ဟသ်ာတအတွင်းပတ္တမြားပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဟိုခုံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မင်္ဂလာရန်အောင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အလယ်ရွှေကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မတ္တရာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကန်ဦးဇေတဝန် ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ စိန်ပန်းပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ စွန်းလွန်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၆၁) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖော်ထုတ်ပြီး စနစ်ကျလယ်ယာမြေ ၇၉ ဒသမ ၈၈ ဧက တောင်သူများထံ ပြန်လည်ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**(၆၁) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငွေးပင်စံပြကျေးရွာ စနစ်ကျလယ်ယာမြေ ၇၉ ဒသမ ၈၈ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းအောင်မြင်စွာပြီးစီး၍ တောင်သူများထံ ပြန်လည်ပေးအပ်ခြင်း၊ ပေါက်ပင်သာ-ငွေးပင် ရွာအဝင်လမ်းနှင့် ရွာတွင်းလမ်း ဖွင့်လှစ်ခြင်း၊ ရှားတောယာယီရေထိန်းဆည်မှ ဆိုလာစနစ်ဖြင့် ရေစတင်ပေးဝေခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ သတ်မှတ်နေရာများတွင် ကျင်းပသည်။**



အခမ်းအနားများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရေအသုံးချသူများအဖွဲ့(WUG)ဝင် တောင်သူများနှင့် ဒေသနေပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ငွေးပင် စံပြကျေးရွာ၌ ကျင်းပသည့် စနစ်ကျလယ်ယာမြေ ၇၉ ဒသမ ၈၈ ဧက ဖော်ထုတ်ခြင်းလုပ်ငန်း အောင်မြင်စွာပြီးစီး၍ တောင်သူများထံ ပြန်လည်ပေးအပ်ခြင်း အခမ်းအနားတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး နှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က ဒေသနေပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး ကြိုးပမ်းသွားကြရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဖော်ထုတ်ပြီး စနစ်ကျ လယ်ယာမြေများကို တောင်သူများထံ ပြန်လည်ပေးအပ်ရာ သက်ဆိုင်ရာတောင်သူကိုယ်စားလှယ်များက လက်ခံရယူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက တောင်သူများထံ အပ်နှံပြီးဖြစ်သည့် စနစ်ကျလယ်ယာမြေနှင့် GW-11 နွေစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

တောင်သူများ၏ တင်ပြတောင်းဆိုမှုအရ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်အသုံးပြုနိုင်ရေးကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ နေပြည်တော်ကောင်စီနယ်မြေအတွင်း စနစ်ကျလယ်ယာမြေ ဧက ၁၃၂၀၀ ကျော် ဖော်ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စု ပေါက်ပင်သာ - ငွေးပင်ရွာအဝင် ကွန်ကရစ်လမ်းနှင့် ရွာတွင်းလမ်း ဖွင့်လှစ်ခြင်း အခမ်းအနားကို ပေါက်ပင်သာ - ငွေးပင်ရွာအဝင် ကွန်ကရစ်လမ်းထိပ် သတ်မှတ်နေရာတွင် ကျင်းပရာ အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က အဖွင့်အမှာ စကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ကျေးရွာနေ ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားတိုးတက်ရေးဆိုင်ရာများ အားပေးပြောကြားခဲ့ကြသည်။

ဆက်လက်၍ (၆၁) နှစ်မြောက် တောင်သူလယ်သမားနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ရှားတောယာယီရေထိန်းဆည်မှ ဆိုလာစနစ်ဖြင့် ရေစတင်ပေးဝေခြင်း အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးနှင့် တောင်သူကိုယ်စားလှယ် တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်တို့က ရေတင်စက်ခလုတ်နှင့် ရေဖျန်းစက်ခလုတ်တို့ကိုနှိပ်၍ ရေစတင်ပေးဝေခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် ရှားတောယာယီရေထိန်း ဆည်သည် ဆင်သေချောင်းပေါ်တွင် ယာယီရေထိန်းဆည် တည်ဆောက်ကာ ကုန်းမြင့်ပိုင်း၌ တစ်နှစ်တစ်သီးသာ စိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေများအား နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့်ရေတင်၍ နွေသီးနှံ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အဆိုပါရေတင်စနစ်တွင် ပါဝင်သည့် စိုက်ပျိုးမြေ ၁၁၇ ဒသမ ၉၁ ဧကတွင် တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ ဝင်ငွေသုံးဆရရှိခံစားနိုင်ရေး မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❑ *ကျောဖုံးမှ*

အဆိုပါ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးညွန့်ဦးက ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်ငါး သိန်းနှုန်းဖြင့် အိမ်ထောင်စု ၁၉၂ စုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၉၆၀ ကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်လင်းနိုင်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် နေရပ်ပြန်ပြောင်းရွှေ့စရိတ် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းစီဖြင့် အိမ်ထောင်စု ၁၉၂စုအတွက် ငွေကျပ် ၁၉၂ သိန်းကိုလည်းကောင်း(ဝဲပုံ)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးရဲကျော်အောင်က ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် လူတစ်ဦးလျှင် ဆန်ရိက္ခာတစ်လစာနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၆၈၇၆၀၀၀ ကို လည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဝင်းက လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါ Family Kit ၁၉၂ ပုံတို့ကို ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ၏ ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မျိုးညွန့်ဦးနှင့် တာဝန်ရှိသူများက နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင်ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး လိုက်လံနှုတ်ဆက်ပို့ဆောင်ပေးကာ မိမိနေရပ်အသီးသီးသို့ သယ်ဆောင်မည့် ပစ္စည်းများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက နေအိမ်အရောက် မော်တော်ယာဉ်၊ စက်လှေများဖြင့် ကူညီသယ်ယူရွှေ့ပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**တင်ဝင်း(ပြန်/ဆက်)**

တောင်သူလယ်သမားနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# မြန်မာ့သမိုင်းထဲမှ စံပြလယ်သမားကြီး . . .

သီဟစည်သူ

**မြန်မာနိုင်ငံသည် ပုဂံခေတ်မတိုင်မီကတည်းကစ၍ လယ်ယာစိုက်ပျိုးရေးနိုင်ငံအဖြစ် နှစ်ပေါင်းထောင်ချီ ရပ်တည်လာခဲ့သော နိုင်ငံဖြစ်သည်နှင့်အညီ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများသည် လယ်ယာစိုက်ပျိုးရေးကို အသက်မွေးဝမ်းကျောင်းအတွက် အဓိကအမှီသဟဲပြုလုပ်ကိုင်နေကြသည့် တောင်သူလယ်သမားကြီးများနှင့် ၎င်းတို့၏ မိသားစုဝင်များပင် ဖြစ်ကြသည်။**

ခေတ်အဆက်ဆက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရင်း နိုင်ငံတည်ဆောက်ရေး၊ နိုင်ငံစီးပွားရေးကဏ္ဍများတွင် တစ်တပ်တစ်အား ပါဝင်အားဖြည့်ခဲ့ကြသူများမှာ တောင်သူလယ်သမားဦးကြီးများပင် ဖြစ်သည့်အတွက် မြန်မာနိုင်ငံအတွက် အဓိက အရေးပါသူများ ဖြစ်ကြသည်။

တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် အဓိကဝင်ငွေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေကြသူများဖြစ်သဖြင့် ကျေးဇူးရှင်တောင်သူဦးကြီးများဟုပင် မြန်မာနိုင်ငံသားအားလုံးက တင်စားပြောဆိုခဲ့ကြပြီး နှစ်စဉ်မတ်လ ၂ ရက်နေ့ကို **"တောင်သူလယ်သမားနေ့"**အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့သည်ပင် မဟုတ်ပါလော။

ထိုကဲ့သို့သော တောင်သူလယ်သမားဦးကြီးများသည် ပြည်သူများ၏ နေ့စဉ်စားနပ်ရိက္ခာ ဖူလုံစေရန် နိုင်ငံ၏ထမင်းရှင်၊ ကျေးဇူးရှင်ကြီးများပင်ဖြစ်သကဲ့သို့ မြန်မာ့သမိုင်းတစ်ကွေ့ နယ်ချဲ့လက်အောက်ခံဘဝတွင်လည်း ဖိနှိပ်ခံဘဝကို လက်မခံနိုင်ခဲ့ကြသည့် မျိုးချစ် လယ်သမားကြီးများပေါ်ပေါက်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးသမိုင်းကို ရေးထိုးကာ နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်ခဲ့ကြသူများလည်း ဖြစ်ကြပေသည်။

၎င်းတို့အနက် ၁၉၃၀ ပြည့်နှစ်က စတင်ပေါ်ပေါက်လာခဲ့သည့် ငယ်နာမည် မောင်ရာကျော် (ခေါ်) ဂဠုန်ဆရာစံ၏ တောင်သူလယ်သမား အရေးတော်ပုံကြီးသည် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် မေ့ပျောက်၍ မရစကောင်းသော မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ခဲ့သော မြန်မာ့မျိုးချစ်လယ်သမားကြီးများ၏ ထင်ရှားလှသည့် နယ်ချဲ့တော်လှန်ရေး တိုက်ပွဲများပင်ဖြစ်ခဲ့လေသည်။

### တောင်သူလယ်သမား အရေးတော်ပုံကြီး

၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်ကာလ၌ မြန်မာနိုင်ငံကို အုပ်ချုပ်နေသူ ဗြိတိသျှ နယ်ချဲ့အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကြောင့် မြန်မာ့လယ်သမားများ အကြွေးတင်လာခြင်း၊ လယ်ယာမြေများ လက်လွှတ်၍ မြေရှင်ကြီး စနစ်ပေါ်လာခြင်း၊ သီးစားခကြီးမြင့်ခြင်း၊ လက်ငုတ်တွင် စွဲမြဲစွာ မလုပ်ရခြင်း၊ စပါးဈေး အလွန်အမင်း ကျဆင်းမှုနှင့်အတူ ဆင်းရဲမွဲတေမှု၊ တောင်သူလယ်သမားများအပေါ် နယ်ချဲ့အစိုးရ၏ မတရားပြုကျင့်မှုများ၊ လူကိုရိုက်နှက်ညှဉ်းပန်း၍ လူခွန်နှင့် သဿမေဓ အခွန်အတင်းအကျပ်ကောက်ခံမှုများသည် လက်နက်ကိုင်တော်လှန်ရေးသို့ တောင်သူလယ်သမားများအား မရှောင်မလွှဲသာ တွန်းပို့ခဲ့လေသည်။

၁၉၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ချစ်တီးများ၏ ငွေချေးဌာနပေါင်း ၁၆၅၅ ခုရှိခဲ့ပြီး ငွေရင်းမြုပ်နှံမှု သိန်းပေါင်း ၇၅၀၀ ကျော်ရှိခဲ့သည်။ ၁၉၃၀ ပြည့်နှစ်မှ



ဆရာစံအား ဖမ်းမိပြီးနောက် ရုံးတင်စစ်ဆေးရန် သာယာဝတီထောင်မှ သံခြေကျင်းဖြင့် ရုံးထုတ်လာစဉ်။

၁၉၃၄ ခုနှစ်အထိ ငါးနှစ်တာအတောအတွင်း အောက်မြန်မာနိုင်ငံရှိ လယ်ဧကပေါင်း နှစ်သန်းတစ်သိန်းမှာ ချစ်တီးများ လက်ဝယ်သို့ ရောက်ရှိသွားခဲ့သည်။

တစ်ဖက်မှလည်း အင်္ဂလိပ်အရင်းရှင်ကြီးများ ပိုင်ဆိုင်သည့် စတီးဘရားသား ကုမ္ပဏီ၊ အယ်လာမင် အာရကင်ကုမ္ပဏီနှင့် အင်္ဂလိုဘားမင်း ကုမ္ပဏီကြီးများက မြန်မာ့လယ်သမားများ၏ စပါးများကို လက်ဝါးကြီးအုပ်ဝယ်ယူကာ ဈေးကစားခဲ့ကြသည်။ မြန်မာ့တောင်သူလယ်သမားများကို ပေးခဲ့သော စပါးဈေးမှာ ၁၉၂၄ ခုနှစ်က စပါးတင်း ၁၀၀ လျှင် ၁၉၄ ကျပ်၊ ၁၉၂၈ ခုနှစ်တွင် ၁၆၉ ကျပ်၊ ၁၉၂၉ ခုနှစ်တွင် ၁၅၉ ကျပ်နှင့် ၁၉၃၀ ပြည့်နှစ်တွင် ၁၃၈ ကျပ်ဈေးသာပေးခဲ့ပြီး အစိုးရအခွန်အခများနှင့် လူသုံးကုန် ပစ္စည်းများမှာ အဆမတန် ဈေးတက်ခဲ့သည်ဟု ဆရာ ချစ်ကြည်ရေး ကြည်ညွန့်၏ သမိုင်းဝင်သူရိယ၊ မြန်မာ့အလင်းနှင့် မြန်မာနိုင်ငံရေး စာအုပ်တွင် ဖော်ပြထားသည်။

ယင်းအချက်များကြောင့်ပင် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မြန်မာ့သမိုင်းတွင် ထင်ရှားလှသည့် ဆရာစံ ဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ခြင်းပင် ဖြစ်သည်။

### တော်လှန်ရေးကာလအစ

အင်္ဂလိပ်လက်အောက်ခံဘဝ ၁၉၂၀ ပြည့်လွတ်ဝန်းကျင်နှစ်များသည် **"အမျိုးသားများ နိုးကြားကြလော့"** ဟု မျိုးချစ်နိုင်ငံရေးသမားများ စုပေါင်းတည်ထောင်လာခဲ့ကြသည့် ဂျီစီဘီအေအသင်းကြီး ခိုင်မာအားကောင်းလာသောအချိန်ပင် ဖြစ်သည်။ ထိုအချိန်တွင် မိမိလူမျိုးကို ချစ်သော၊ မိမိတိုင်းပြည်ကို လေးစားသော ပုဂ္ဂိုလ်ဖြစ်သည့် ဆရာစံသည် ၁၉၂၃ ခုနှစ်တွင် ဂျီစီဘီအေအသင်းကြီးသို့ ဝင်ရောက်ခဲ့သည်။

ယင်းနောက် ကမာမို့ ကျေးရွာအသင်း၊ ဘီလူးကျွန်း တိုက်နယ်အသင်းနှင့် မော်လမြိုင် ဂျီစီဘီအေအသင်း ဥက္ကဋ္ဌအဖြစ် အဆင့်ဆင့်တာဝန်ယူခဲ့ရသည့် ဆရာစံသည် ၁၉၂၅ ခုနှစ်တွင် ရွှေဘိုမြို့၌ ကျင်းပသော (၁၂) ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့ မော်လမြိုင်ခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ရသည်။

ယင်းနောက်တွင် ဂျီစီဘီအေအသင်းကြီးက ၁၉၂၈ ခုနှစ်တွင် ဗမာပြည်အတွင်းရှိ တောင်သူလယ်သမားများ၏ အခြေအနေတို့ကို လှည့်လည်စုံစမ်းရန်အတွက် စုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ် ဖွဲ့လိုက်ရာ အသင်းကြီး၏ အမှုဆောင်တစ်ဦးဖြစ်လာသူ ဆရာစံသည် အဆိုပါစုံစမ်းရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ သာယာဝတီခရိုင်၊ ဖျာပုံခရိုင်၊ ပြည်ခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ သရက်ခရိုင်၊ အင်းစိန် ခရိုင်များအတွင်းရှိ ကျေးရွာများသို့ လှည့်လည်ကာ တောင်သူလယ်သမားများ၏ ဆင်းရဲဒုက္ခ အခြေအနေအကြောင်းစုံကို စုံစမ်း၍ အမှုတွဲပေါင်း ၁၇၀ မျှရှိသော အစီရင်ခံစာ၌ နယ်ချဲ့အင်္ဂလိပ်တို့၏ ဥပဒေမဲ့ ကျူးလွန်စော်ကားမှုများကို သက်သေအထောက်အထား အပြည့်အစုံဖြင့် ဂျီစီဘီအေဗဟိုဌာနချုပ်သို့ အကြံပြုတင်ပြခဲ့သည်။ သို့ရာတွင် ဗဟိုဌာနချုပ်က ဆရာစံ၏ အကြံပေးချက်ကို လက်မခံခဲ့ချေ။

ထို့ကြောင့် ဆရာစံသည် ဂျီစီဘီအေနှင့် အဆက်အသွယ် ဖြတ်တောက်လိုက်ပြီးနောက် ဖိနှိပ်ခံလယ်သမားများ၏ ဘဝကို ကိုယ်တိုင်ကိုယ်ကျ ခံစားလာခဲ့ရသည့် ဆရာစံသည် ၁၉၃၀ ပြည့်နှစ် ဇန်နဝါရီ ၁၈ ရက်တွင် သာယာဝတီနယ်သို့ ထွက်ခွာလာခဲ့သည်။ ထိုစဉ် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၂၁ ရက်တွင် လယ်သမားကြီးများအား နည်းအမျိုးမျိုး



ဆရာစံ

ဖြင့် ဖိနှိပ်ဒုက္ခပေးနေသည့် ဗျူရိုကရက်အရာရှိများအား အမှုထမ်းကောင်း လက်မှတ်ပေးရန် သာယာဝတီမြို့သို့ လာရောက်ခဲ့သည့် ဗြိတိသျှအစိုးရ၏ ဘုရင်ခံဆာဂျေအေ မောင်ကြီးထံ ဆရာစံဦးဆောင်သည့် လယ်သမားခေါင်းဆောင်များ ဝင်ရောက်၍ လူခွန်၊ လယ်ခွန်များ လျှော့ပေါ့ ရွှေ့ဆိုင်းပေးရန် သွားရောက်တောင်းဆိုရာ လက်မခံသဖြင့် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်ကစတင်၍ မြန်မာ့လွတ်လပ်ရေး သမိုင်းဝင် မြန်မာ့တောင်သူလယ်သမား အရေးတော်ပုံကြီး စတင်ပေါ်ပေါက်လာခဲ့လေတော့သည်။

ထိုသို့ တော်လှန်ရေးကာလ မစတင်မီကတည်းက ဆရာစံသည် ၁၉၃၀ ပြည့်နှစ် အောက်တိုဘာ ၂၆ ရက်တွင် သာယာဝတီ အင်းရွာမကျီးကုန်းဘုန်းကြီးကျောင်း၌ ဝံသာနု လယ်သမားခေါင်းဆောင်များနှင့် လျှို့ဝှက်အစည်းအဝေးပြုလုပ်ပြီး နိုင်ငံတစ်ဝန်းရှိ လယ်သမားများနှင့် ဂဠုန်တပ်များကို စတင်ဖွဲ့စည်းသည်။ ထိုစဉ်က တောင်သူလယ်သမားတို့ကလည်း စီးပွားရေးကျပ်တည်းမှုဒဏ်နှင့် အစိုးရ၏ အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းသော ဒဏ်ကို မခံရပ်နိုင်သည့်အတွက် အသက်ရှင်လျက် ဆင်းရဲငတ်ပြတ်နေရခြင်းထက် မိမိထက် အစစအရာရာ အင်အားကြီးမားသော ရန်သူကို ရရာလက်နက်ဖြင့် တွန်းလှန်တိုက်ခိုက်ပြီး ဂုဏ်သိက္ခာရှိရှိ သေရခြင်းက မြတ်သည်ဟု ခံယူခဲ့ကြသည်။

### အရေးကြီးသော တိုက်ပွဲများ

ဆရာစံ ဦးဆောင်သည့် သာယာဝတီနယ် ဇိမ်ဇာ၊ အင်းကောက်၊ ရေတိုက်၊ ဖားရွှေကျော်၊ ဆည်နှစ်ခွ၊ လှည်းလမ်းကူး စသည့်ကျေးရွာများမှ တောင်သူလယ်သမားများသည် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်ကစ၍ ရရာလက်နက်ဖြင့် စတင်တော်လှန်ကြရာ ဖားရွှေကျော် ပထမတိုက်ပွဲတွင် ဦးမောင်ကလေး ခေါင်းဆောင်သော ပုလိပ်အဖွဲ့ ဆုတ်ခွာထွက်ပြေးရသည်။ ၂၄-၁၂-၁၉၃၀ ရက်နေ့ ဝဲရွာတိုက်ပွဲတွင် သစ်တောအင်ဂျင်နီယာ မစ္စတာဖီးကလပ်ကျဆုံးသည်။ ၂၅-၁၂-၁၉၃၀ ရက်နေ့ ဖားရွှေကျော်ရွာ၊ ဒုတိယတိုက်ပွဲတွင် ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေးကျဆုံး၍ ပန်ချာပီတပ်များ ထွက်ပြေးရသည်။ ၃၁-၁၂-၁၉၃၀ ရက်နေ့ ဖားရွှေကျော် တတိယတိုက်ပွဲတွင် ဂဠုန်တပ် အကျအဆုံးများနှင့် ဆုတ်ခွာရသည်။ ၃၁-၁၂-၁၉၃၀ ရက်နေ့ အလံတောင်တိုက်ပွဲတွင် နယ်ချဲ့စစ်တပ်က အလံတောင်ကို တိုက်ခိုက်၍သိမ်းသည်။ ဆရာစံ ဆုတ်ခွာရသည်။

*စာမျက်နှာ ၁၁ သို့*

**❑ ၁၉၂၀ ပြည့် လွတ်ဝန်းကျင်နှစ်များသည် "အမျိုးသားများ နိုးကြားကြလော့" ဟု မျိုးချစ်နိုင်ငံရေးသမားများ စုပေါင်းတည်ထောင်လာခဲ့ကြသည့် ဂျီစီဘီအေအသင်းကြီး ခိုင်မာအားကောင်းလာသောအချိန်ပင် ဖြစ်သည်။ ထိုအချိန်တွင် မိမိလူမျိုးကို ချစ်သော၊ မိမိတိုင်းပြည်ကို လေးစားသော ပုဂ္ဂိုလ်ဖြစ်သည့် ဆရာစံသည် ၁၉၂၃ ခုနှစ်တွင် ဂျီစီဘီအေအသင်းကြီးသို့ ဝင်ရောက်ခဲ့သည်**

*စာမျက်နှာ ၁၀ မှ*

၇-၁-၁၉၃၁ ရက်နေ့ ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ထန်းတောရွာအနီးတွင် ဦးအောင်လှ ခေါင်းဆောင်သော ဂဠုန်တပ်နှင့် အရေးပိုင် မစ္စတာ ဘရက်တို ခေါင်းဆောင်သော နယ်ချဲ့ပုလိပ်၊ စစ်ပုလိပ်များ တိုက်ပွဲဖြစ်သည်။ ၁၀-၄-၁၉၃၁ ရက်နေ့တွင်ပြုလုပ်သော သရက်ခရိုင် ကံမမြို့နယ် ခြောက်ပင်ရွာသူကြီးများ အစည်းအဝေးပွဲကို ဂဠုန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်သည်။ ၁၃-၄-၁၉၃၁ ရက်နေ့တွင် သရက်ခရိုင် ထုံးရွာအနီးတွင် ရာဇဝတ်ဝန်ကြီး မစ္စတာ အေစီစမစ်ပုလိပ်အဖွဲ့နှင့် တိုက်ပွဲဖြစ်သည်။ ရာဇဝတ်ဝန်ကြီးအပြင် တပ်ဖွဲ့ဝင်များ အထိနာခဲ့သည်။ ၄-၅-၁၉၃၁ ရက်နေ့ ပြည်ခရိုင် ဝက်ထီးကန်အနီး မြို့မရွာတွင် ရာဇဝတ်ဝန်ကြီး မစ္စတာ ဩစတင်အဖွဲ့ကို ဂဠုန်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းတိုက်ခိုက်သည့်အတွက် ရာဇဝတ်ဝန်ကြီးနှင့် ပုလိပ်ခုနစ်ဦး ကျဆုံးသည်။ ၁၀-၅-၁၉၃၁ ရက်နေ့ ဟင်္သာတမြို့ လယ်ဂတ်ဝင်းအတွင်း ပန်ချာပီတပ်ကို ဂဠုန်တပ်တို့ ဝင်ရောက်တိုက်ခိုက်ရာ ပန်ချာပီစစ်သားတို့ ဒဏ်ရာရကြသည်။ ၁၅-၅-၁၉၃၁ ရက်နေ့ ဟင်္သာတခရိုင် လယ်တီစာဖြူစု ပုလိပ်ကင်းစခန်းကို ဂဠုန်တပ်များ ဝင်ရောက်တိုက်ခိုက်ကြသည်ဟု မှတ်တမ်းမှတ်ရာများတွင် တွေ့ရှိရသည်။

### နယ်ချဲ့ကို အညံ့မခံသော ဆရာစံ

ထို့ကြောင့် ၁၉၃၁ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဗြိတိသျှအစိုးရက ခေါင်းဆောင်ကြီး ဆရာစံအား ဖမ်းဆီးနိုင်ရန် ဆုငွေ ၅၀၀၀ ပေးမည်ဟု ကြေညာခဲ့လေသည်။ ထိုမှတစ်ဖန် ဆုငွေ ၅၀၀၀ မှ ၁၀၀၀၀ ကျပ်အထိ တိုးပေးမည်ဟု ဧပြီ ၂၃ ရက်တွင် ထပ်မံကြေညာခဲ့သည်။ ထို့ကြောင့် ၁၉၃၁ ခုနှစ် ဇူလိုင်လတွင် ဆရာစံသည် ရှမ်းပြည်သို့ တိမ်းရှောင်၍ ရှမ်းတောင်သူကြီးများနှင့် ဖွဲ့စည်းထားသော ဂဠုန်တပ်များဖြင့် နောင်ချို၊ နောင်ပိန်၊ ရပ်စောက်တို့ရှိ နယ်ချဲ့အစိုးရတပ်များအား ချီတက်တိုက်ခိုက်ခဲ့သည်။ ထို့သို့တိုက်ခိုက်နေစဉ်အတွင်း ၁၉၃၁ ခုနှစ် ဩဂုတ် ၂ ရက်တွင် ဆရာစံအား နောင်ချိုမြို့ မြောက်ဘက် သုံးဆယ်နယ်၊ ကုလားကွဲခရိုင် ဟိုခို နောင်ကွမ်းရွာအနီးတွင် အင်္ဂလိပ်တပ်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

**"မည်သူမဆို အရှင်ကေရာဇ်မင်းမြတ်ကို ဖြစ်စေ၊ စစ်မက်ပြိုင်လျှင်ဖြစ်စေ၊ စစ်မက်ပြိုင်ရန် ကြံစည် အားထုတ်လျှင်ဖြစ်စေ၊ စစ်မက်ပြိုင်ဆိုင်ရန် အားပေးကူညီလျှင်ဖြစ်စေ၊ ၎င်းသူကို သေဒဏ်သော် ၎င်း၊ တစ်သက်တစ်ကျွန်းဒဏ်ကိုသော် ၎င်း စီရင်စေမည့်အပြင် ၎င်း သူပိုင်ပစ္စည်းအရပ်ရပ်ကိုလည်း သိမ်းယူစေမည်"** ဤသည်မှာ နယ်ချဲ့အစိုးရ၏ အိန္ဒိယ ရာဇသတ်ကြီးပုဒ်မ ၁၂၁ ပါ ပြဋ္ဌာန်းချက်များဖြစ်သည်။ ယင်းပုဒ်မဖြင့် ၁၉၃၀ ပြည့်နှစ် တောင်သူလယ်သမား အရေးတော်ပုံခေါင်းဆောင် ဂဠုန်ဆရာစံအား အရေးယူခဲ့သည်။ ဘုရင်ခံ အာဏာဖြင့် တစ်ချက်လွှတ်ပြဋ္ဌာန်းခဲ့သော မြန်မာပြည်တော်လှန်ပုန်ကန်မှုများ (တရားစစ်ဆေးခြင်း) ဥပဒေအရ ဖွဲ့စည်းခဲ့သည့် အထူးခုံရုံးတွင် ဥက္ကဋ္ဌဖြစ်သူ ဟိုက်ကုတ်တရားဝန်ကြီး မစ္စတာကန်းလစ်ဖ်၊ အဖွဲ့ဝင် အငြိမ်းစားစက်ရှင်တရားသူကြီး မစ္စတာ ဝုဒ်နှင့် စက်ရှင်တရားသူကြီး ဦးဘဦး (လွတ်လပ်ရေးခေတ်တွင် နိုင်ငံတော်သမ္မတဖြစ်လာသူ) တို့က ကြားနာစစ်ဆေးခဲ့သည်။

ထိုအမှုတွင် ဆရာစံဘက်မှ ဥပဒေအကျိုးဆောင်များအဖြစ် ဒေါက်တာဘမော်၊ ဦးပု၊ ဦးသူငယ်၊ သခင်မြ၊ သခင်စိန်၊ ဦးချစ်ညွန့်၊ ဦးဘရှိန်းတို့က လိုက်ပါဆောင်ရွက်ခဲ့ကြသည်။ အကျိုးဆောင်ရှေ့နေများက ဆရာစံလွတ်မြောက်ရေး ကြိုးပမ်းခဲ့ကြသော်လည်း နောက်ဆုံးတွင် အထူးခုံရုံးက ဆရာစံအား သေဒဏ်ချမှတ်ခဲ့ပြီး ၁၉၃၁ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ဟိုက်ကုတ်က အတည်ပြုခဲ့သည်။ ယင်းနောက် ၁၉၃၁ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဆရာစံအား သာယာဝတီထောင်တွင် ကြိုးပေးကွပ်မျက်ခဲ့သည်။

၁၉၃၀ ပြည့်နှစ်မှ ၁၉၃၂ ခုနှစ်အထိ ဆရာစံဦးဆောင်သည့် တောင်သူလယ်သမား အရေးတော်ပုံကြီးအတွင်း သေဆုံးဒဏ်ရာရရှိခဲ့ရသည့် ဂဠုန်တပ်သားပေါင်း ၃၀၀၀၊ ဖမ်းဆီးခံရသူပေါင်း ၈၃၀၀၊ ကြိုးပေးသတ်ဖြတ်ခံရသူ ၇၈ ဦးနှင့် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျခံရသူ ၂၇၀ မျှရှိသည်ဟု ဆိုသည်။ ထိုကဲ့သို့ ဆရာစံနှင့် ခေါင်းဆောင်များကို ဖမ်းဆီးကွပ်မျက်ခဲ့သည့် နယ်ချဲ့တို့သည် ဆရာစံ၏ ရုပ်နှင့် ခန္ဓာကို အသေသတ်နိုင်ခဲ့သော်လည်း ၎င်းဦးဆောင်ခဲ့သည့် တောင်သူလယ်သမား အရေးတော်ပုံကြီးသည် မြန်မာနိုင်ငံသားများ စိတ်သန္တာန်တွင် တော်လှန်ရေးစိတ်ဓာတ်များ နိုးကြားလာစေခဲ့ပြီး မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အုတ်မြစ်တစ်ချပ်အဖြစ် အခိုင်အမာနေရာယူနိုင်ခဲ့ပေသည်။ ။

**ကိုးကား -**

(၁) ၁၉၇၀ ပြည့်နှစ် မတ်လ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ထွန်းညွန့်ဦး၏ နယ်ချဲ့ ကို အညံ့မခံသော ဆရာစံဆောင်းပါး။
(၂) ၂၀၁၉ ခုနှစ် မတ်လ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ စောကျော်အေး-ပန်းဘဲတန်း၏ ၁၂၉၂ ခုနှစ် တောင်သူလယ်သမား အရေးတော်ပုံအကြောင်း မှတ်သားမိသမျှ...ဆောင်းပါး။
(၃) ချစ်ကြည်ရေးကြည်ညွန့်၏ သမိုင်းဝင်သူရိယ - မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေးစာအုပ်။

## နမ္မတူမြို့နယ်၌ လီဆူစာပေနှင့်ယဉ်ကျေးမှု (၁၀၆)နှစ်ပြည့်အထိမ်းအမှတ်ပွဲ ကျင်းပမည်

**နမ္မတူ ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်၌ လီဆူစာပေနှင့်ယဉ်ကျေးမှု (၁၀၆)နှစ်ပြည့် အထိမ်းအမှတ်ပွဲကို အမှတ်(၈) အခြေခံပညာမူလတန်းလွန် ကျောင်းဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ လီဆူတိုင်းရင်းသားလူမျိုးများ၏ လီဆူစာပေနှင့် ယဉ်ကျေးမှု(၁၀၆) နှစ်ပြည့်အထိမ်းအမှတ်နှင့် လီဆူရိုးရာနှစ်ကူးပွဲတော်ကို သမိုင်း အမွေအနှစ်များ ထိန်းသိမ်းရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အကပဒေသာများနှင့် နိုင်ငံကျော် လီဆူတိုင်းရင်းသားအဆိုတော်များက တင်ဆက်မည်ဖြစ်ကြောင်း လီဆူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးဝမ်လုဖထံမှ သိရသည်။

**လူမော်(ပြန်/ဆက်)**

## တောင်သူဘဝ ပျော်ရွှင်ကြစေ

* မြန်မာပြည်သည် ၊ သာစည်ဝပြော
ပေါ်များသစ်ပင် ၊ စုံလင်အမျိုး
အဖိုးထိုက်လွန်း
ကျွန်းနှင့်သစ်မာ ၊ အဖြာဖြာလျှင်
တောင်ပြာတောတန်း ၊ မြိုင်တစ်ဝန်းတွင်
ရှုစမ်းပါလေ အိုအဆွေ...။

* တွင်းထွက်ရေနံ ၊ ကြေးသွပ်သံဟု
သယံဇာတ ၊ အဝဝလည်း
ကြွယ်ဝပိုင်ရာ တို့မြေချာတည့်။
သို့မကလျှင် ၊ ပြည်တစ်ခွင်ဝယ်
မြေပြင်ပြန့်ပြော ၊ ယာလယ်တောတို့
ပေါ်များလှစွာ ၊ ပိုင်ဆိုင်ရာလည်း
ကြေ-ညာ အောက်-ထက် နတ်ဆေးစက်။

* သို့သော်တစ်မှု ၊ များပြည်သူတို့
ပူပင်ဝမ်းရေး ၊ ကြောင့်ကြဝေးဖို့
ချင့်တွေးဆန့်လျား ၊ နည်းသစ်များဖြင့်
စပါး ပြောင်း ကြံ ၊ စားသီးနှံကို
နိုင်ငံတစ်ခွင် ၊ ကုန်အစင်ဝယ်
ယခင်ရှေးထက် ၊ ဆတိုးထွက်ဖို့
စက်ယန္တရား ၊ ပေါင်းစပ်အားဖြင့်
ကြိုးစားမြှင့်ထု ၊ ဝိုင်းဝန်းကူသော်
တောင်သူဘဝ မြင့်နိုင်စွ...။
ရိက္ခာပြည့်ဝ ဖူလုံကြ...။

* ထွန်ယက်စိုက်ပျိုး ၊ အမျိုးမျိုးတို့
ဆတိုးထွက်ကြ ၊ ရိတ်သိမ်းကြနှင့်
လယ်မှယာမှ ၊ နယ်မြို့ပြထိ
တင်ကြပို့ကြ ၊ ရောင်းဝယ်ကြလျှင်
ငွေစရွှင်ရွှင် ၊ ဖြိုင်ဖြိုင်ဝင်လျက်
ပျော်ရွှင်တောင်သူ အေးသည်မို့။

* တောင်သူလယ်သမား ၊ ဦးကြီးများသည်
စားရေရိက္ခာ ၊ ပြည့်တွက်တာ၌
ဘယ်ခါမဆို ၊ ကျေးဇူးပို၏
ကိုယ်ပိုင်အလုပ် ၊ ဘာသာလုပ်-ဟု
သေးနုပ်အမြင် ၊ ဘယ်မထင်မို့
နှစ်စဉ်မတ်လ ၊ နှစ်ရက်ကျလျှင်
တွေးဆပီပြင် ညွှန်းဂုဏ်ထု...။
တောင်သူလယ်သမားနေ့ မွမ်းဂုဏ်ပြု.... ။ ။

**ဘိုမျိုး(ရွှေဘို)**

## မက်မန်းမြို့နယ်အတွင်းရှိ ကျောင်းများ၌ ရေသန့်စက်များတပ်ဆင်

**မက်မန်း ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများသန့်ရှင်းသောသောက်သုံးရေရရှိစေရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကူးစက်ရောဂါများ ကာကွယ်နိုင်ရေးအတွက် ရေစက်များကို Yaw Princess Company Limited မှ လိုက်လံတပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာဦးစီးဌာန (ရုံးချုပ်)က အခြေခံပညာကျောင်းများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ရာ မက်မန်းမြို့နယ်အတွင်းရှိ ကျောင်းများကို တစ်ကျောင်းလျှင် ရေသန့်စက်တစ်လုံးနှုန်း လိုက်လံတပ်ဆင်ပေးလျက်ရှိပြီး ရေသန့်စက်တစ်လုံးလျှင် ငွေကျပ်သိန်း ၄၀ အကုန်အကျခံကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကျင်းပ




နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ထိုင်းဘုရင့် တပ်မတော်နေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။**

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသော ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် ဇနီး၊ တပ်မတော် အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ညှော့်သည်တော်များအား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol Visitstump ၊ (ကြည်း၊ ရေ၊လေ) စစ်သံမှူးများနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကိုစတင်ဖွင့်လှစ်ပြီး သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ်မှတ်တမ်း Video ကို ပြသပြီး သံအမတ်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် စစ်သံမှူးတို့သည် ထိုင်းဘုရင့်တပ်မတော်နေ့အထိမ်းအမှတ်ကိတ်အား လှီးဖြတ်ပေးကြကာ အခမ်းအနားတက်ရောက်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ **(အပေါ်ပုံ)**

ယင်းနောက်သံအမတ်ကြီးနှင့် ဇနီး၊စစ်သံမှူးတို့က အခမ်းအနား တက်ရောက် လာသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းညှော့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော CDF/PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် တမူးမြို့နယ်၊ ကလေးမြို့နယ်၊ ကသာမြို့နယ်နှင့် ဝန်းသိုမြို့နယ်တို့ရှိ တပ်နယ်ခန်းမများ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းကို ပြုလုပ်ကြရာ သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အမှာစကားများ အသီးသီးပြောကြားပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့် အသိပညာပေးစကားများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ကလေးမြို့နယ်၊ ကသာမြို့နယ်နှင့် ဝန်းသိုမြို့နယ်တို့မှ PDF/ CDF အဖွဲ့ဝင် အမျိုးသားငါးဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်နေ ကြည်လင်းသည် ၎င်းအသုံးပြုသည့် “Kyi Lynn” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဋ)ရပ်ကွက်နေ ရည်မွန်သည် ၎င်းအသုံးပြုသည့် “Yee Mon” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

အဆိုပါပွဲစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက် ည ၁၁ နာရီက လန်ဒန်ရှိ ဝင်ဘလေအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲကြည့်ပရိသတ် ၈၇၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ မန်ယူအသင်းသည် ဆုဖလားမရရှိမှု ခြောက်နှစ်နီးပါးကြာ ဝေးကွာနေမှုကို အိုးထရက်ဖိုဒ်သို့ နည်းပြတန်ဟတ် ရောက်ရှိလာပြီး ပထမဆုံးရာသီတွင်ပင် အဆုံးသတ်နိုင်ခဲ့သည်။ အဆိုပါ ဆုဖလားသည် မန်ယူအသင်းအတွက် ခြောက်ကြိမ်မြောက် ဆွတ်ခူးနိုင်ခြင်းလည်းဖြစ်သည်။

မန်ယူအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် လုခ်ရှော၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် ကွင်းလယ်ကစားသမား ကက်စမဲရိုးက ခေါင်းတိုက်သွင်းယူခဲ့သည်။ မန်ယူအသင်းသည် ဦးဆောင်ဂိုးရရှိခဲ့ပြီးနောက် မကြာမီ ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို ပွဲချိန် ၃၉ မိနစ်တွင် အဓိကတိုက်စစ်မှူး ရက်ဖို့ဒ် ကန်သွင်းအဆုံးသတ်ရာမှ နယူးကာဆယ်ကစားသမား ဘုသ်မန်းနှင့်ထိကာ လမ်းကြောင်းပြောင်း ဂိုးဝင်သွားခဲ့သည်။

ဒုတိယပိုင်းတွင် သွင်းဂိုးများရရှိရန်အတွက် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများ ပြုလုပ်လာခဲ့သော် လည်း ပွဲချိန်ပြည့်သည်အထိ ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် မန်ယူအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုဗိုလ်လုပွဲတွင် မန်ယူအသင်းသည် နယူးကာဆယ်အသင်းဘက်သို့ ဂိုးကန်သွင်းမှု ၁၄ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ၁၀ ကြိမ်အထိ ရှိခဲ့သည်။ ပြိုင်ဘက်နယူးကာဆယ်အသင်းက ဂိုးကန်သွင်းမှု ၁၅ ကြိမ် ပြုလုပ်နိုင်ပြီး ဂိုးပေါက်တည့်မတ်မှု နှစ်ကြိမ်သာ ရှိခဲ့သည်။

ပွဲပြီးသတင်းစာရှင်းလင်းပွဲတွင် ဘရူနိုက “ဒါက ဒီရာသီရဲ့ ပထမဆုံးဆုဖလားဖြစ်ပြီး ဆုဖလားတွေ အများကြီးလိုချင်သေးတယ်၊ ဒီလိုမျိုး ဖလားဆွတ်ခူးနိုင်တာဟာ မန်ယူအသင်းအတွက် လုံလောက်မှုမရှိသေးပါဘူး” ဟု ပြောသည်။

**အောင်ဇော်**

# အမေရိကန်ထံမှ တိုမာဟော့ခ်ဒုံးကျည် အစင်း ၄၀၀ ဝယ်ယူရန် ဂျပန်စီစဉ်

**တိုကျို ဖေဖော်ဝါရီ ၂၇**

ဂျပန်အစိုးရသည် တန်ပြန်တိုက်ခိုက်မှုစွမ်းရည်ကို မြှင့်တင်ရန်အတွက် အမေရိကန်လုပ် တိုမာဟော့ခ် ခရုဇ် ဒုံးကျည် အစင်း ၄၀၀ ဝယ်ယူရန် စီစဉ်နေကြောင်း ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်သည့် ပြည်သူ့လွှတ်တော် ဘတ်ဂျက်ကော်မတီ ဒါရိုက်တာများ အစည်းအဝေးတွင် အာဏာရညွန့်ပေါင်းအဖွဲ့ဝင်များက ထုတ်ဖော်ပြောဆိုသည်။

ဒုံးကျည်အမြောက်အမြား ဝယ်ယူမည့် အစီအစဉ်ကို အသေးစိတ်ရှင်းလင်းထုတ်ပြန်ပေးရန်အတွက် အတိုက်အခံ ဒီမိုကရက်တစ်ပါတီက ပြီးခဲ့သော သီတင်းပတ်တွင် အစိုးရအား တိုက်တွန်းခဲ့ပြီးနောက် ယခုကဲ့သို့ ထုတ်ဖော် ပြောကြားခဲ့ခြင်း ဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ခြင်းသည် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် တန်ပြန်တိုက်ခိုက်မှုစွမ်းရည်ဆိုင်ရာ အသေးစိတ် အချက်အလက်များအား ထုတ်ပြန်ပေးရန် ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ငြင်းဆိုခဲ့သည်။

**အန်အိတ်ချ်ကေ**






မြေပြိုကျမှုဖြစ်ပွားရာနေရာ၌ ထိခိုက်သေဆုံးသူများအား ကယ်ဆယ်ရေးလုပ်သားများနှင့် ဒေသခံများက ရှာဖွေစဉ်။

# ဘရာဇီးမြေပြိုမှု သေဆုံးသူပေါင်း ၆၅ ဦးအထိ မြင့်တက်လာ

**ဆော်ပိုလို ဖေဖော်ဝါရီ ၂၇**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ဆော်ပိုလိုပြည်နယ် ကမ်းရိုးတန်းတစ်လျှောက် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပွားပြီးနောက် သေဆုံးသူပေါင်း ၆၅ ဦးအထိ မြင့်တက်လာကြောင်း ဒေသအာဏာပိုင်များက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောသည်။

သေဆုံးသူများအနက် ၁၉ ဦးမှာ အရွယ်မရောက်သေးသူများ ဖြစ်ကြောင်းနှင့် ဘေးဒဏ်သင့်သူများအတွက် စိတ်သက်သာရာရစေရေး ဆက်လက်ဦးစားပေး ဆောင်ရွက်လျက် ရှိကြောင်း ပြည်နယ်အစိုးရ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ တပ်မတော်သားများ၊ မီးသတ်သမားများ၊ စေတနာ့ ဝန်ထမ်းများနှင့် ကယ်ဆယ်ရေး လုပ်သားများသည် သေဆုံးသူများ၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိနိုင်ရန်အလို့ငှာ ဆက်လက် တူးဖော်လျက်ရှိပြီး ပျောက်ဆုံးနေသူများကိုလည်း ရှာဖွေလျက်ရှိကြောင်း သိရသည်။

အိုးအိမ်ဆုံးရှုံးမှု ဖြစ်ပွားသော လူပေါင်း ၂၄၄၀ သည် ထပ်မံမြေပြိုကျမှု အန္တရာယ်ကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ ဘရာဇီးနိုင်ငံသား လေးသန်းဝန်းကျင်သည် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သော နေရာဒေသ ၁၄၀၀၀ တွင် နေထိုင်ကြကြောင်း ပေါင်းစည်းရေးနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# ဆူဒန်နိုင်ငံ၌ ကလေးငယ်နှင့် အမျိုးသမီး လေးသန်းနီးပါး အာဟာရချို့တဲ့မှုဒဏ် ခံစားနေကြရဟုဆို

**ခါတွန် ဖေဖော်ဝါရီ ၂၇**

ဆူဒန်နိုင်ငံရှိ ကလေးငယ်နှင့် အမျိုးသမီး လေးသန်းနီးပါးမှာ အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေကြရကြောင်း ဖေဖော်ဝါရီ ၂၆ ရက်တွင် ကုလသမဂ္ဂက ပြောသည်။

အသက်ငါးနှစ်အောက် ကလေးငယ်၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင် လေးသန်းခန့်မှာ အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေကြရသည်ဟု ခန့်မှန်းထားပြီး ၂၀၂၃ ခုနှစ်တွင် လူသားချင်းစာနာမှုဆိုင်ရာ အသက်ကယ် အာဟာရဝန်ဆောင်မှုများ လိုအပ်ကြောင်းနှင့် ထိုထဲမှ ၆၁၁၀၀၀ မှာ အာဟာရချို့တဲ့မှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားနေကြရကြောင်း ဆူဒန်နိုင်ငံရှိ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

စားနပ်ရိက္ခာ ဖူလုံမှုမရှိခြင်း၊ ရောဂါအဖြစ်များခြင်း၊ လုံလောက်သော စောင့်ရှောက်မှုနှင့် အစာကျွေးခြင်း အလေ့အကျင့်နည်းပါးခြင်းများအပြင် စီးပွားရေးကျဆင်းလာခြင်း၊ ငွေကြေးဖောင်းပွခြင်းနှင့် ရွှေ့ပြောင်းနေထိုင်ခြင်းတို့က ၂၀၂၂ ခုနှစ်တွင် အာဟာရချို့တဲ့မှု အခြေအနေကို ပိုမိုဆိုးရွားစေခြင်း ဖြစ်ကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင်လည်း ဆက်လက်ဖြစ်ပွားဖွယ်ရှိကြောင်း အိုစီအိတ်ချ်အေက ပြောသည်။

ကုလသမဂ္ဂ၏ အစောပိုင်း ခန့်မှန်းချက်တွင် ဆူဒန်နိုင်ငံ လူဦးရေ၏ သုံးပုံတစ်ပုံခန့်ဖြစ်သော လူပေါင်း ၁၅ ဒသမ ၈ သန်းမှာ ယခုနှစ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်သည်ဟုဆိုထားပြီး လိုအပ်နေသော ပြည်သူ ၁၂ ဒသမ ၅ သန်းကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂက ပြောသည်။

**ဆင်ဟွာ**



ဆေးရုံတစ်ရုံ၌ ကလေးငယ်တစ်ဦးအား အာဟာရချို့တဲ့မှု စစ်ဆေးနေစဉ်။

# အုန်းသီးတင်ပို့မှု ဝင်ငွေဒေါ်လာ ၁ ဘီလီယံရရှိရန် ဗီယက်နမ် မျှော်မှန်းထား

**ဟနွိုင်း ဖေဖော်ဝါရီ ၂၇**

ဗီယက်နမ်သည် အုန်းသီးထုတ်ကုန်များ တင်ပို့ခြင်းမှ နှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကို ရရှိရန်မျှော်မှန်းထားကြောင်း ဖေဖော်ဝါရီ ၂၇ ရက်ထုတ် ဗီယက်နမ် ဒေသတွင်းသတင်းစာက ဖော်ပြသည်။

ဗီယက်နမ်သည် အုန်းသီးနှင့် အခြားဆက်စပ်ထုတ်ကုန်များ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၉၀၀ ရရှိခဲ့ပြီး အာရှ-ပစိဖိတ်ဒေသတွင် စတုတ္ထမြောက် အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်လာခဲ့ကြောင်း ဗီယက်နမ် အုန်းသီးကုန်ထုတ်လုပ်မှုအသင်းမှ ပြောသည်။

ပြည်တွင်းစက်မှုလုပ်ငန်းသည် အုန်းအခြေခံ အစားအစာ ၂၀၀ ခန့်ကို တီထွင်ခဲ့ကြောင်း၊ မိရိုးဖလာထုတ်ကုန်များအပြင် ပြုပြင်ထုတ်လုပ်သည့်ကုမ္ပဏီများသည် အထူးသဖြင့် အုန်းပင်ထွက်သစ်သားများ၊ အုန်းမှုတ်ခွံနှင့် အုန်းချည်မျှင်ကဲ့သို့သော အခြားအုန်းအခြေခံထုတ်ကုန်များကို ဈေးကွက်သို့ တင်ပို့ခြင်းမှ ဝင်ငွေတိုးတက်မည့်အလားအလာကောင်းများ ရှိကြောင်း အဆိုပါအသင်း၏ ယာယီအထွေထွေ အတွင်းရေးမှူး ဆဲဗာဒင်ခို က ပြောသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အဆိုအရ ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် အုန်းသီးနှင့် အခြားဆက်စပ်ပစ္စည်း တန်ချိန် ၁ ဒသမ ၈၇ သန်း ထုတ်လုပ်မှုဖြင့် ကမ္ဘာပေါ်တွင် အုန်းသီးထွက်ကုန်ထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် အုန်းစိုက်ပျိုးဧရိယာ ဟက်တာ ၁၇၅၀၀၀ ရှိသည်။

**ဆင်ဟွာ**

# တီဟီရန်မြို့ရှိ အာဖဂန်သံရုံး၌ အီရန်နိုင်ငံဆိုင်ရာ အာဖဂန်သံအမတ်ခန့်အပ်

**ကဘူးလ် ဖေဖော်ဝါရီ ၂၇**

အာဖဂန် အိမ်စောင့်အစိုးရသည် အီရန်နိုင်ငံ မြို့တော်တီဟီရန်ရှိ အာဖဂန်သံရုံးတွင် သံရုံးယာယီတာဝန်ခံနှင့် သံတမန်များကို ခန့်အပ်ထားကြောင်း အာဖဂန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူခါဟာဘယ်လ်ခီက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

အာဖဂန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်း မရှိသော်လည်း ဒေသတွင်း မီဒီယာများ၏ အဆိုအရ အီရန်နိုင်ငံဆိုင်ရာ အာဖဂန် သံအမတ်ကြီးဟောင်း ဖေဇဲမိုဟာမက် ဟာခါနီအား အီရန်နိုင်ငံဆိုင်ရာ သံတမန်အဖြစ် ခန့်အပ်ထားသည်ဟု ဆိုသည်။

သံတမန်များ ခန့်အပ်ခြင်းဆိုင်ရာ ထုံးစံအတိုင်း အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဖော်ပြရာတွင် သံအမတ်ခန့်အပ်မှုအသစ်အရ သံရုံးကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှု ရှိသည့်အပြင် မွတ်စလင် ညီရင်းအစ်ကိုနိုင်ငံများအကြား နယ်ပယ်အသီးသီးတွင် ဆက်ဆံရေးတိုးချဲ့လာနိုင်မည်ဟု ယုံကြည်ကြောင်း ဘယ်လ်ခီကဆိုသည်။

၂၀၂၁ ခုနှစ် ဩဂုတ်လတွင် တာလီဘန်တို့ နိုင်ငံအာဏာကို သိမ်းပိုက်ခဲ့ပြီးကတည်းက အီရန်သည် အခြားနိုင်ငံအနည်းငယ်ကဲ့သို့ပင် အာဖဂန်သံရုံးကို ဖွင့်လှစ်ထားပြီး နိုင်ငံတကာအသိုင်းအဝိုင်းအား အာဖဂန်နစ္စတန်နိုင်ငံသစ် ထူထောင်ရာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုထားသည်။

**ဆင်ဟွာ**

## တူကီယဲ ငလျင်ဒုက္ခသည်များ ၎င်းတို့၏ဘဝများကို ပြန်လည်တည်ဆောက်ရာတွင် စီးပွားရေးအခက်အခဲများနှင့် ရင်ဆိုင်နေရ



ငလျင်အပျက်အစီးများကြား စိတ်မကောင်းဖြစ်နေသည့် တူကီယဲငလျင်ဒဏ်သင့်ပြည်သူများကို တွေ့ရစဉ်။

**အန်ကာရာ ဖေဖော်ဝါရီ ၂၇**

တူကီယဲနိုင်ငံ တောင်ပိုင်းကို ပျက်စီးမှုများ ဖြစ်စေခဲ့သည့် ပြင်းထန်သော ငလျင်လှုပ်ပြီး သီးတင်းပတ် သုံးပတ်ကြာ အပျက်အစီး ဖယ်ရှားမှုလုပ်ငန်းများနှင့် ယာယီနားခိုအိမ် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသော်လည်း ငလျင်ဒုက္ခသည်များသည် ၎င်းတို့၏ ဘဝများကို ပြန်လည်တည်ဆောက်ရာတွင် စီးပွားရေး အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ အများစုသည် မိသားစုဝင်များဆုံးရှုံးပြီး အလုပ်အကိုင်များလည်း ဆုံးရှုံးခဲ့ကြသည်။

ငလျင်ကြောင့် ငါးထပ်အဆောက်အအုံ ပြိုကျခဲ့ပြီး ခင်ပွန်းသည်ဆရာနှင့် အသက် ၁၁ နှစ်အရွယ်သားတို့ သေဆုံးခဲ့ပြီးနောက် ကျန်ရစ်ခဲ့သော သမီးနှစ်ဦးနှင့် ခြောက်လသားကလေးတို့ကို အသက်ရှင်သန်အောင် စောင့်ရှောက်လျက်ရှိသော အန်တာကျာဒေသမှ အသက် ၃၈ နှစ်ရှိ အာဆလီ ကိုလက်ခ်က ကလေးငယ်များ၏ စိတ်ပိုင်းဆိုင်ရာကို ဂရုစိုက်ရန် အရေးကြီးဆုံးကိစ္စဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျောင်းဆရာ အလုပ်ဖြင့် မလောက်သည့်အတွက်ဘေးပန်း အလုပ်တစ်ခုဖြစ်သည့် ပုဂ္ဂလိက ဆရာအလုပ်ကို ရှာဖွေခဲ့ရကြောင်း သူက ဆက်လက်ပြောကြားသည်။ အခြားငလျင်ဒဏ်ခံ ဒုက္ခသည်များမှာလည်း တခြားစီးပွားရေးဆိုင်ရာ အကျပ်အတည်းများရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ၂၀၂၃ ခုနှစ်တွင် တရုတ်ခရီးသွား ၃၆၈၀၀၀ နီးပါး လာအိုနိုင်ငံသို့ လာရောက်လည်ပတ်မည်ဟု ခန့်မှန်း

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၂၇**

လာအိုခရီးသွားအာဏာပိုင်များက ၂၀၂၃ ခုနှစ်တွင် တရုတ်ခရီးသွား ၃၆၈၀၀၀ နီးပါး လာအိုနိုင်ငံကို လာရောက်လည်ပတ်မည်ဟု ခန့်မှန်းခဲ့သည်။ အဆိုပါပမာဏသည် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၂၁ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။

လာအိုအစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများက တရုတ်ခရီးသွားများ ဝင်ရောက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်အစောပိုင်း ကိုဗစ်-၁၉ ကပ်ရောဂါအကြိုကာလဖြစ်သော ၂၀၁၉ ခုနှစ်တွင် တရုတ်ခရီးသွား ၁၀၂၇၂၇ ဦးလာအိုနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ အဆိုပါပမာဏသည် ခရီးသွားစုစုပေါင်း၏ ၂၁ ရာခိုင်နှုန်းရှိသည်။ ၂၀၂၂ ခုနှစ်တွင် တရုတ်ခရီးသွား ၄၅၂၄၉ ဦး လာအိုနိုင်ငံသို့ လာရောက်ခဲ့သည်။ **ဆင်ဟွာ**

## ယီမင်နိုင်ငံသားများအတွက် ကျန်းမာရေးရန်ပုံငွေ ကန်ဒေါ်လာ ၃၉၂ သန်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တောင်းခံ

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၇**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ၂၀၂၃ ခုနှစ်တွင် ယီမင်နိုင်ငံသား ၁၂ ဒသမ ၉ သန်းအတွက် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးထောက်ပံ့ပေးရန် အလှူငွေ အမေရိကန်ဒေါ်လာ ၃၉၂ သန်း တောင်းခံထားသည်။

ယီမင်သည် ၎င်း၏ပြိုလဲနိုင်ခြေရှိသည့် ကျန်းမာရေးစနစ်ကို ထိရောက်စွာတားဆီးရန် နိုင်ငံတကာအလှူရှင်များနှင့် အခြားမိတ်ဖက်နိုင်ငံများထံမှ အရေးပေါ်ပံ့ပိုးကူညီမှုများ လိုအပ်လျက်ရှိကြောင်း ယီမင်နိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကိုယ်စားလှယ် အာဒမ် အက်ဘ်ဒယ် မိုနင် အစ္စမေးလ် က ပြောကြားလိုက်သည်။ ယီမင်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအတွက် အဆင့်မြင့်ဆွေးနွေးပွဲမတိုင်မီ ယခုလိုတောင်းဆိုမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယီမင်နိုင်ငံ၌ ကလေးငယ် ၇ ဒသမ ၉ သန်းအပါအဝင် လူ ၁၀ သန်းခန့် ကျန်းမာရေးစောင့်ရှောက်မှု ကင်းမဲ့လျက်ရှိသည်။ **ဆင်ဟွာ**



အစာအာဟာရချို့တဲ့သည့် ကလေးငယ်တစ်ဦး ဆရာဝန်၏ကုသမှု ခံယူရန် စောင့်ဆိုင်းနေစဉ်။

## ရွှေ့ပြောင်းဒုက္ခသည်များ တင်ဆောင်လာသော ခရီးသည်လှေ အီတလီကမ်းလွန်၌ တိမ်းမှောက်

**ရောမ ဖေဖော်ဝါရီ ၂၇**

အာဖဂန်နစ္စတန်၊ အီရန်နှင့် တခြားနိုင်ငံများမှ ရွှေ့ပြောင်းဒုက္ခသည် အပြည့်တင်ဆောင်လာသော လှေတစ်စင်းသည် အီတလီကမ်းလွန်၌ တိမ်းမှောက်ခဲ့ရာ ၅၉ ဦးထက်မနည်းသေဆုံးခဲ့သည်။ သစ်သားနှင့် လုပ်ထားသောလှေသည် ဆိုးရွားသော ရာသီဥတုအောက်တွင် ကျောက်ဆောင်နှင့် ဝင်တိုက်မိပြီး အီတလီနိုင်ငံတောင်ပိုင်း ကာလာဘရီယာ ပြည်နယ်ကမ်းလွန်တစ်နေရာတွင် ဖေဖော်ဝါရီ ၂၆ ရက်က တိမ်းမှောက်နစ်မြုပ်ခဲ့ကြောင်း အီတလီ အာဏာပိုင်များက ပြောသည်။

ထိုအဖြစ်ဆိုးနှင့် မကြုံတွေ့ခင် အဆိုပါလှေသည် တူကီယဲနိုင်ငံမှ ရက်ပေါင်းအတော်ကြာ ရွက်လွှင့်လာခဲ့ခြင်းဖြစ်သည်။

အီတလီ ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်လိုက်သော ဗီဒီယိုဖိုင်တွင် လှေပျက်မှ သစ်သား အပိုင်းအစများသည် ကမ်းခြေသို့ လာတင်နေသည်ကို တွေ့မြင်နိုင်သည်။ အတည်ပြုခဲ့သော သေဆုံးသူများထဲတွင် လသားအရွယ်ကလေးငယ်တစ်ဦးလည်းပါဝင်သည်။ ကယ်ဆယ်ရှာဖွေရေး လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်လျက်ရှိသည်။



လှေတိမ်းမှောက်နစ်မြုပ်ခဲ့သူများကို အီတလီကမ်းခြေစောင့်တပ်ဖွဲ့က ကယ်ဆယ်နေသည်ကိုတွေ့ရစဉ်။

အီတလီဝန်ကြီးချုပ် ဂျီအော်ဂျီယာ မီလိုနီ က လူမှောင်ခိုသမားများကို ပြစ်တင်လိုက်ပြီး ဆိုးရွားသော ရာသီဥတုကြား မီတာ ၂၀ ရှည်သော လှေတစ်စင်းပေါ်တွင် ခရီးသည် ၂၀၀ စုပြုံပြီးဖြစ်အောင် စီစဉ်လိုက်ခြင်းသည် ရာဇဝတ်ပြစ်မှုဖြစ်ကြောင်း ပြောကြားလိုက်သည်။

လွန်ခဲ့သောနှစ်များက မြေထဲပင်လယ်ကို ဖြတ်သန်းရင်း ရွှေ့ပြောင်းဒုက္ခသည် ၂၀၀၀ နီးပါး အသက်သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂကပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု ၇၅ ရာခိုင်နှုန်း တိုးတက်

**ဘန်ကောက် ဖေဖော်ဝါရီ ၂၇**

ထိုင်းနိုင်ငံ၏ ဇန်နဝါရီလအတွင်း ဆန်တင်ပို့မှု ပမာဏတန်ချိန် ၈၀၅၅၁၉ ရှိခဲ့ပြီး ယခင်နှစ်ကထက် ၇၅ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုတန်ဖိုးမှာ ထိုင်းဘတ်ငွေ ၁၄ ဒသမ ၂၈ ဘီလီယံ (အမေရိကန် ဒေါ်လာ ၄၀၇ သန်းခန့်) ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားကုန်သွယ်မှုဌာန ညွှန်ကြားရေးမှူးချုပ် ရွှန်နာရောင်း ဖူးပိုင်ပတ် က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အရှေ့အလယ်ပိုင်း ဒေသရှိ နိုင်ငံအချို့၏ ဝယ်လိုအား မြင့်မားမှုကြောင့် ဒေသတွင်းသို့ ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၆၃၀၀၀၀ သာရှိရာမှ ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၂ ဒသမ ၃ သန်းအထိ မြင့်တက်လာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ယခုနှစ်အတွက် နှစ်စဉ် ဆန်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့ရန် ရည်မှန်းထားသည်။ အဓိကကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး နိုင်ငံတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံအနေဖြင့် အီရတ်၊ တောင်အာဖရိကနှင့် တရုတ်နိုင်ငံ တို့အပါအဝင် ထိပ်တန်း ဈေးကွက်ဝင်နိုင်ငံများသို့ ယမန်နှစ်က ဆန်တန်ချိန် ၇ ဒသမ ၆၉ သန်းအထိ ရည်မှန်းချက်ထက် ကျော်လွန် တင်ပို့နိုင်ခဲ့သည်။ **ဆင်ဟွာ**

## အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆီးရီးယားသမ္မတနှင့်တွေ့ဆုံ

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၇**

အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဆာမက်ရှောက်ခရီသည် ဆီရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆက်နှင့် ဒမတ်စကတ်၌ ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ဆုံသည်။ အဆိုပါခရီးစဉ်သည် လွန်ခဲ့သော ၁၂ နှစ်ခန့် ဆီးရီးယားပြည်တွင်းစစ် စတင်ချိန်ကတည်းမှစကာ ထိပ်တန်းအီဂျစ်သံအမတ်တစ်ဦးအနေဖြင့် ပထမဦးဆုံးခရီးစဉ်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးချိန်အတွင်း ရှောက်ခရီ က အီဂျစ်သမ္မတ စီစီ၏ အမှာပါးလိုက်သော သတင်းစကားကို ပြောကြားခဲ့သည်။ သမ္မတစီစီက မိမိတို့နိုင်ငံသည် ငလျင်၏ဂယက်ရိုက်မှုကို ရင်ဆိုင်နေသော ဆီးရီးယားနိုင်ငံကို ကူညီသွားမည်ဖြစ်ကြောင်း သတင်းစကားအမှာပါးခဲ့သည်။

ထို့ပြင် အီဂျစ်သမ္မတ က နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်လိုသော ဆန္ဒရှိကြောင်းလည်း ရှောက်ခရီက ထပ်ဆင့်ပြောကြားခဲ့သည်။ ဆီးရီးယားနိုင်ငံကလည်း အာရပ်နိုင်ငံများ အထူးသဖြင့် အီဂျစ်နိုင်ငံနှင့် ဆက်ဆံရေး တိုးမြှင့်ရန်ဆန္ဒရှိကြောင်း အာဆက်က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၁ ရာခိုင်နှုန်းရှိ

**(၂၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၄၇,၈၅၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၁၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၅၅ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၃၀ | ၂၈၁၀ |
| 95 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၀ | ၂၃၂၀ | ၂၃၃၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၈၀ | ၂၃၂၅ | ၂၃၂၅ | ၂၂၈၅ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၃၀ | ၂၄၂၅ | ၂၃၁၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၆၅ | ၂၅၉၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၈၀ | ၂၃၂၅ | ၂၃၂၅ | ၂၂၈၅ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၃၀ | ၂၄၂၅ | ၂၃၁၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၆၅ | ၂၅၉၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၂ | ၂၀၇၆ |
| 95 Ron | ၂၀၇၇ | ၂၁၅၂ |
| HSD (500 ppm) | ၂၀၉၁ | ၂၁၆၂ |
| HSD (50 ppm) | ၂၁၆၅ | ၂၂၃၇ |
| HSD (10 ppm) | ၂၁၆၅ | ၂၂၃၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ထိုင်းနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးနှင့် OTOP ဆက်နွယ်မှုနှင့် မြန်မာနိုင်ငံ၏ OVOP နှင့် MSME ဖွံ့ဖြိုးတိုးတက်မှု

ခန့်ဇော် (ကျေးလက်)

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအနက် စီးပွားရေးတိုးတက်မှု မြင့်မားလာသောနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် စိုက်ပျိုးရေးသည် GDP ၏ ၁၂ ရာခိုင်ခန့်၊ စက်မှုလုပ်ငန်းသည် ၄၄ ရာခိုင်နှုန်းခန့်နှင့် ဝန်ဆောင်မှုလုပ်ငန်းသည် ၄၄ ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိသည်ကို တွေ့ရသည်။ သဘာဝအရင်းအမြစ်များအနေဖြစ် သံရိုင်း၊ ရော်ဘာ၊ သဘာဝဓာတ်ငွေ့၊ တန်စတင်၊ သစ်၊ ခဲနှင့် ငါးတို့ အများဆုံးထွက်ရှိပြီး မြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို စိုက်ပျိုးရေးအတွက် အသုံးပြုသည်။ ခရီးသွားလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ စိုက်ပျိုးရေးကုန်စည်များထုတ်လုပ်မှု၊ ဘိလပ်မြေ၊ ရတနာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကားအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းတို့ကို အဓိကလုပ်ကိုင်လျက်ရှိပြီး လျှပ်စစ်ပစ္စည်း၊ ကွန်ပျူတာ ပစ္စည်းများ၊ ယာဉ်နှင့် အစိတ်အပိုင်းများ၊ အထည်၊ ဖိနပ်၊ ရေထွက်ပစ္စည်းများ၊ ဆန်နှင့် ရော်ဘာတို့ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ထိုင်းနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်တွင် ဆင်းရဲနွမ်းပါးမှု ၅၈ ရာခိုင်နှုန်းမှ ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ပြီး တိုးတက်မှုနှုန်းမြင့်မားမှုနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် ၂၀၂၀ ပြည့်နှစ်တွင် သိသိသာသာတိုးတက်မှု ရရှိလာခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ၁၉၉၇-၁၉၉၈ ခုနှစ်များတွင် ငွေကြေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရပြီး ထိုကာလနောက်ပိုင်းမှစ၍ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးတို့ကို အရှိန်အဟုန်မြင့်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

**ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကြိုးပမ်းမှုများ**

လွန်ခဲ့သည့် ဆယ်စုနှစ် လေးခုအတွင်း ထိုင်းနိုင်ငံသည် ဝင်ငွေနည်းသောနိုင်ငံမှ မျိုးဆက်တစ်ဆက်အောက်၌ SMART ကျသည့် စီးပွားရေးမူဝါဒများကြောင့် အလယ်အလတ်ဝင်ငွေရှိသောနိုင်ငံအဖြစ် ရွေ့လျားခဲ့ပြီး လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ထူးထူးခြားခြားတိုးတက်ခဲ့ပြီး ထိုင်းနိုင်ငံ၏စဉ်ဆက်မပြတ်အားကောင်းသောတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးတို့အတွက် အောင်မြင်မှုပုံရိပ်တစ်ခုဖြစ်သည်။

စင်စစ်မှု ၁၉၆၀ ပြည့်လွန်နှစ်များမှစ၍ နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု အစီအစဉ်များတွင် ဆင်းရဲမှုလျှော့ချရေးမဟာဗျူဟာများ ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၁၉၆၁ ခုနှစ်မှ ၁၉၆၆ ခုနှစ်အတွင်း အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးနှင့် စက်မှုထွန်းကားရေးကို အဓိကထားဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ဘဏ္ဍာရေးမူဝါဒကို အထူးဂရုပြု အကောင်အထည်ဖော်ခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍ၊ ကျေးလက်ဝင်ငွေရရှိမှုမြှင့်တင်ရေးနှင့် လူဦးရေစီမံကိန်းရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း၌မူ စက်မှုဖွံ့ဖြိုးရေးကို ပြန်လည်ထူထောင်၍ သယံဇာတသုံးစွဲမှုနှင့် မြေယာပြုပြင်ပြောင်းလဲမှုစီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ပြီး ဆင်းရဲမှုလျှော့ချရေးမူဝါဒကို သီးသန့်ချမှတ်၍ ဆင်းရဲချမ်းသာ ဝင်ငွေကွာဟမှုနည်းပါးစေရန် နည်းလမ်းများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

> “ ထိုင်းနိုင်ငံ၏ OTOP စီမံကိန်းသည် ဂျပန်နိုင်ငံ၏ OVOP ကို အတုယူ၍ ထိုင်းနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးမှုအတွက် ဒေသထွက်အင်အားစုနှင့် သယံဇာတများကိုအသုံးပြုပြီး ဆွဲဆောင်မှုရှိသော အထူးထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည်။ ထုတ်လုပ်သောကုန်စည်များတွင် စိုက်ပျိုးရေးနှင့်လက်မှုထွက်ကုန်ပစ္စည်းများ ပါဝင်သည် ”

၁၉၈၂ ခုနှစ်မှ ၁၉၈၆ခုနှစ်အတွင်း ပဉ္စမမြောက် လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ခရိုင်အဆင့် ဆင်းရဲမှုလျှော့ချရေးကို ဖော်ဆောင်ခဲ့ပြီး ခရိုင်ပေါင်း ၂၈၆ ခုတွင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးရေး၊ စက်မှု၊ ပုဂ္ဂလိကပါဝင်မှုတို့ကိုလည်း အရှိန်အဟုန်မြှင့်တင်ခဲ့သည်။ ၁၉၈၇ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် နောက်ကျကျန်ခဲ့သောဒေသများ ဆင်းရဲမှုလျှော့ချရေးတို့ကိုလည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ အစိုးရကဏ္ဍနှင့် ဥပဒေရေးရာပြုပြင်ပြောင်းလဲရေး၊ စိုက်ပျိုးရေးမဟုတ်သောကဏ္ဍများဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသများ၏ စွမ်းဆောင်ရည်ပိုမိုမြှင့်တင်ရေးတို့ကိုလည်းကောင်း ဦးစားပေး ဆောင်ရွက်ခဲ့ပြီး ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်တွင် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုတို့ကို ဦးတည်၍ ဝင်ငွေကွာဟချက် လျှော့နည်းစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

**ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး**
**(OneTambon One Product–OTOP)**

မှတ်တမ်းများအရ ၂၀၀၁ ခုနှစ်မှစ၍ ကျေးလက်ဒေသပြန်လည်ထူထောင်ရေးကို မူဝါဒများချမှတ်အကောင်အထည်ဖော်ခဲ့ရာ “ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး” (One Tambon One Product–OTOP) သည် နိုင်ငံအနှံ့ ဆောင်ရွက်သောလှုပ်ရှားမှုအနေဖြင့် ပေါ်ပေါက်လာခဲ့သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးကို များစွာအထောက်အကူပြုနိုင်ခဲ့သည်။

ထိုင်းနိုင်ငံ၏ OTOP စီမံကိန်းသည် ဂျပန်နိုင်ငံ၏ OVOP ကို အတုယူ၍ ထိုင်းနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးမှုအတွက် ဒေသထွက်အင်အားစုနှင့် သယံဇာတများကိုအသုံးပြုပြီး ဆွဲဆောင်မှုရှိသော အထူးထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ခြင်း ဖြစ်သည်။ ထုတ်လုပ်သောကုန်စည်များတွင် စိုက်ပျိုးရေးနှင့် လက်မှုထွက်ကုန်ပစ္စည်းများ ပါဝင်သည်။

**OTOP စီမံကိန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လှုပ်ရှားမှုများ**

OTOP သည်လည်း OVOP ကဲ့သို့ပင် ဒေသတွင်းချိတ်ဆက်၍ ကမ္ဘာ့အဆင့်သို့ ဦးတည်ရေး၊ ကိုယ့်အားကိုယ်ကိုး၍ တီထွင်ဖန်တီးရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး စသည့်အချက် (၃)ချက်အပေါ် အခြေခံ၍ အစိုးရက ပံ့ပိုးပေးခြင်းဖြစ်သည်။ OTOP ၏ ထူးခြားချက် (သို့မဟုတ်) OVOP နှင့် ကွဲပြားသောအချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ အခြေအနေအရ ဗဟိုအစိုးရက ပံ့ပိုးပေးရခြင်းဖြစ်သည်။ ဝန်ကြီးချုပ်က ဦးဆောင်၍ OTOP လှုပ်ရှားမှုကို ဗဟိုမှ အဓိကချုပ်ကိုင်ပြီး ပြည်နယ်နှင့် ခရိုင်များရှိ အစိုးရများသို့ အဆင့်ဆင့်ညွှန်ကြားဆောင်ရွက်သည်။ OTOP စီမံကိန်းအတွက် ဒေသခံရွာသူရွာသားများကို လေ့ကျင့်သင်ကြားရာတွင် OVOP ကဲ့သို့ပင် ဒေသတွင်းသင်တန်းများကို တက်ရောက်စေပါသည်။

၂၀၀၃ ခုနှစ်မှစတင်၍ ပို့ကုန်ဈေးကွက်သို့ တင်ပို့နိုင်ရန် ဦးတည်ချက်ဖြင့် OTOP ထုတ်ကုန်များကို ကြယ်များသတ်မှတ်၍ အဆင့်ခွဲခြားခဲ့ပြီး ကြယ်ငါးပွင့်ရထုတ်ကုန်များကိုသာ ပို့ကုန်ဈေးကွက်သို့ တင်ပို့ရန် ခွင့်ပြုခဲ့သည်။ ထို့အပြင် ကြယ်သုံးပွင့်ရထုတ်ကုန်များထုတ်လုပ်နိုင်သော လုပ်ငန်းများရှိသည့် ရွာကိုသာ OTOP စီမံကိန်းဝင်အဖြစ် အသိအမှတ်ပြုခဲ့ပြီး ကြယ်လေးပွင့်နှင့် ကြယ်ငါးပွင့်ရလုပ်ငန်းများရှိ ပါဝင်သူများကိုသာ နိုင်ငံတကာသင်တန်းများသို့ စေလွှတ်ခဲ့သည်။ ကျေးရွာအဆင့်၌ပင် အမြောက်အမြားထုတ်လုပ်မှုကို အားပေး၍ ကမ္ဘာ့ဈေးကွက်သို့ ချိတ်ဆက်ပေးခဲ့သည်။ OTOP လှုပ်ရှားမှု၌ ပါဝင်သူများ၏ ၆၇ ရာခိုင်နှုန်းသည် လူထုအခြေပြုလုပ်ငန်းများ၊ ၃၁ ရာခိုင်နှုန်းမှာ တစ်ဦးတည်းပိုင်လုပ်ငန်းများဖြစ်၍ ကျန် ၂ ရာခိုင်နှုန်းမှာ အစုစပ်လုပ်ငန်းများဖြစ်သည်။ လိုအပ်သော ဘဏ္ဍာငွေအများစုကို အစိုးရက ထောက်ပံ့ပေးခဲ့သည်။ ပံ့ပိုးမှုများ၌ အရည်အသွေးထိန်းချုပ်မှုနှင့် ထုပ်ပိုးမှုသင်တန်းပေးခြင်းတို့ ပါဝင်သည်။ အရောင်းမြှင့်တင်ရာတွင် ကုန်စည်ပြပွဲများပြုလုပ်ခြင်း၊ အရောင်းဆိုင်များ ဖွင့်လှစ်ပေးခြင်း၊ ပြည်ပ၌ အရောင်းပြပွဲများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

OTOP စီမံကိန်း၏ အဓိကထုတ်ကုန်များတွင် ဒေသထွက် ရိုးရာအဝတ်အထည်၊ လက်မှုပစ္စည်း၊ ချည်ထည်ပိုးထည်များ၊ အိုးလုပ်ငန်း၊ ဖက်ရှင်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများအထိ ပါဝင်သည်။ အစိုးရက ဦးဆောင်၍ ထုတ်ကုန်ရွေးချယ်ခြင်း၊ စံနှုန်းနှင့် အရည်အသွေးမြှင့်တင်ခြင်းနှင့် ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ထုတ်ကုန်အမျိုးအစားစုံလင်စွာဖြင့် ပြည်တွင်းသာမက ပြည်ပပို့ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။ OTOPများ၏ ထုတ်ကုန်ရောင်းချမှုတန်ဖိုးမှာ ၂၀၁၃ ခုနှစ်တွင် ထိုင်းဘတ် ၈၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၇၈၅ ဘီလီယံခန့်)အထိ ရောက်ရှိခဲ့သည်။

*စာမျက်နှာ ၁၇ သို့*






ထိုင်းနိုင်ငံ ဖူးခက်ရှိ OTOP ထုတ်ကုန်များရောင်းချသော PATONG ဈေးနှင့် ဈေးအတွင်းမှ OTOP ဆိုင်ကြီးတစ်ဆိုင်။

*စာမျက်နှာ ၁၆ မှ*

ထိုသို့ ဝင်ငွေများ တိုးမြှင့်ရှာဖွေပေးနိုင်သည့်အပြင် ရွာပေါင်း ၂၂၇၆၂ ရွာရှိ OTOP လုပ်ငန်းပေါင်း ၃၆၂၃၆ ခုတွင် လုပ်သားပေါင်း ၁ ဒသမ ၂ သန်းကို အလုပ်အကိုင်ပေးနိုင်ခဲ့၍ လူမှုဘဝကိုလည်း မြှင့်တင်ပေးနိုင်ခဲ့သည်။ ထို့အပြင် နိုင်ငံတစ်ဝန်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို များစွာအထောက်အကူပြုနိုင်ခဲ့သည်။

OTOP အောင်မြင်ရခြင်း၏အဓိကအချက်များမှာ အစိုးရဌာနများ၏ ထိရောက်သောမူဝါဒ၊ စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်မှု၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးစေရန်ပံ့ပိုးပေးမှု၊ ပါဝင်သောအဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ အစိုးရကဏ္ဍများ၊ ပုဂ္ဂလိကများ၊ ဒေသခံများနှင့် ပညာရေးအဖွဲ့အစည်းများ၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ဖြစ်ပြီး နိုင်ငံဆင်းရဲမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်က ၄၂ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၈ ဒသမ ၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့သည်ကို တွေ့ရသည်။

**မြန်မာနိုင်ငံနှင့် OTOP နှင့် MSME**

မြန်မာနိုင်ငံမှာလည်း ၂၀၁၀-၂၀၁၅ ခုနှစ်ဝန်းကျင်မှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို မူဝါဒပိုင်းအရ အားပေးမြှင့်တင်ခဲ့ပြီး လုပ်ငန်းစဉ်များရေးဆွဲ အကောင်အထည်ဖော်ခဲ့သည့်နည်းတူ "ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး"ကဲ့သို့ ဒေသအလိုက်ထွက်ရှိသော အသေးစား၊ အလတ်စားထုတ်ကုန်များဖွံ့ဖြိုးရေးအတွက် SME လုပ်ငန်းများကို မူဝါဒပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုများ ဆောင်ရွက်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ ဥပဒေ၏ ရည်ရွယ်ချက်များမှာ-

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးနှင့်ဆက်စပ်သည့် သတင်းအချက်အလက်၊ နည်းပညာ အထောက်အကူများနှင့် ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာရရှိနိုင်စေရန်၊

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းအသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် အဟန့်အတားများကို လျှော့ပါးစေရန်တို့ဖြစ်သည်။

ထို့အပြင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ (၂၀၁၅ ခုနှစ်)ကို ချမှတ်ထုတ်ပြန်နိုင်ခဲ့သည်။ ယင်းမူဝါဒ၏ မျှော်မှန်းချက်မှာ "ကဏ္ဍအသီးသီးရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဒေသတွင်းစီးပွားရေးကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှု စွမ်းဆောင်ရည်ကောင်းများ မြင့်မားလာပြီး နိုင်ငံသားများ၏အလုပ်အကိုင်၊ အခွင့်အလမ်းများ တိုးပွားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးဆောင်သွားနိုင်ရန်" ဖြစ်သည်။ ရည်မှန်းချက်များအောင်မြင်ရန်အတွက်

(က) လူ့စွမ်းအားအရင်းအမြစ်



**ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး စီမံချက်အရ ဝါးလက်မှုထုတ်ကုန်များ ထုတ်လုပ်နေသည့် ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာမှ အိမ်ထောင်စုတစ်စု။**

(ခ) နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု၊

(ဂ) ငွေကြေးအရင်းအမြစ်၊ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဃ) ဈေးကွက်ရရှိရေး၊

(င) သင့်လျော်သော အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများ၊

(စ) လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများကို ထောက်ပံ့၊ ဖန်တီးပေးရမည်ဖြစ်သည်။ ဤအချက်များသည် မြေပြင်မှာ အမှန်တကယ်ကြုံတွေ့နေရသော အဟန့်အတားအခက်အခဲများဖြစ်၍ ထောက်ပံ့၊ ဖြေလျှော့ပေးနိုင်မှသာ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေများကို ထုတ်ပြန်နိုင်ခဲ့သည်။ နည်းဥပဒေထွက်ရှိလာသည့်အတွက် ဆောင်ရွက်ရန်လုပ်ငန်းများ၊ နည်းပညာနှင့် ချေးငွေရရှိရေးနည်းလမ်းများ၊ မှတ်ပုံတင်ခြင်းဆိုင်ရာများ၊ တစ်နေရာတည်းဝန်ဆောင်မှု (One stop service – OSS) ပေးသည့်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ လုပ်ငန်းသုံးသပ်အစီရင်ခံရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို နည်းဥပဒေအရ ပိုမိုဆောင်ရွက်နိုင်လာသည်ကို တွေ့ရသည်။

မူဝါဒ၊ နည်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်နေသော်လည်း လက်တွေ့တွင် နည်းပညာပိုင်း၊ ဈေးကွက်ပိုင်း၊ ရန်ပုံငွေပိုင်း၊ စွမ်းဆောင်ရည်ပိုင်း၊ ချိတ်ဆက်မှုအပိုင်းများ၌ MSME လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများစွာ ရှိနေဆဲဖြစ်သည်။ စာရေးသူကိုယ်တိုင် MSME Agency အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့စဉ်ကာလအတွင်း အစည်းအဝေးများ အကြိမ်ကြိမ် တက်ရောက်ဆွေးနွေးခဲ့မှု၊ ကဏ္ဍအလိုက်တင်ပြမှု၊ တွေ့ကြုံရသည့်အခက်အခဲများ၊ ဖြေရှင်းနိုင်သည့်နည်းလမ်းများကို အကြိမ်ကြိမ်ကြားသိခဲ့ရသည်။ မြေပြင်မှာလည်း အမှန်တကယ်အခက်အခဲများရှိသည်။ တွေ့ရှိချက်နှင့် ဆောင်ရွက်ရန်များမှာ-

(က) MSME ချေးငွေကိစ္စနှင့် ပတ်သက်၍ Business Plan မရေးတတ်/ မဖတ်တတ်၊ ဘဏ်စာရင်းမရှိ၊ ဘဏ်အရှုံး/အမြတ်မပြနိုင်၊ ယခုမှ စလုပ်ချင်သူများဖြစ်၊ ဆန္ဒသာရှိ၊ သတ်မှတ်ချက်များ မလုပ်တတ်၊ ရိုးရိုးရှင်းရှင်း သင်ပေးရန်နှင့် ရိုးရိုးရှင်းရှင်းသတ်မှတ်ရန် လိုအပ်ခြင်း၊

(ခ) ပြည်ထောင်စုအဆင့်က စီမံခန့်ခွဲသော သတ်မှတ်သော ချေးငွေအရင်းအမြစ်သာရှိပြီး ဆိုင်ရာပြည်နယ် / တိုင်းများမှ ၎င်းတို့ အစီအစဉ် / အစီအမံဖြင့် ချေးငွေအမျိုးအစားများ မရှိခြင်း၊ ဘတ်ဂျက်မရှိခြင်း၊

(ဂ) ဆိုင်ရာဌာနများ၏ MSME နှင့်ဆိုင်သော လုပ်ထုံးလုပ်နည်းများကို သာမန်ပြည်သူများ နားလည်အောင် ရေးဆွဲလုပ်ဆောင်သင့်ခြင်းနှင့် ရိုးရှင်းလွယ်ကူအောင် ပြင်ဆင်ဆောင်ရွက်ပေးသင့်ခြင်း၊

(ဃ) Agency များ ပုံမှန် Function ဖြစ်ရန်လိုပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးတွင် ဆိုင်ရာအစိုးရများ၊ လုပ်ငန်းရှင်များအား အထောက်အပံ့ပေးနိုင်အောင်လုပ်ရန် လိုအပ်နေသေးခြင်း၊

(င) နှစ်စဉ် တစိုက်မတ်မတ် စီမံချက်အစီအစဉ်ရေးဆွဲပြီး၊ လုပ်ငန်းစဉ်ဇယားရေးဆွဲပြီး ဒေသအလိုက် ထုတ်ကုန်ပြပွဲများ မဖြစ်မနေလုပ်ရန်၊ အားပေးရန်၊ ဆုပေးရန်၊ ဈေးကွက်ချိတ်ဆက်ပေးရန် လိုအပ်ခြင်း၊ ရာသီအလိုက် တစိုက်မတ်မတ်လုပ်ရန်လိုအပ်ခြင်းနှင့် စဉ်ဆက်မပြတ် အားပေးအားမြှောက်ပေးရန် လိုအပ်ခြင်းတို့ ဖြစ်သည်။

**မြန်မာနိုင်ငံ၏ MSME ကဏ္ဍအပေါ် လေ့လာသုံးသပ်တွေ့ရှိချက်**

၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ စစ်တမ်းကောက်ယူခဲ့သည့် Myanmar Micro, Small and Medium Enterprise Survey 2019 အစီရင်ခံစာအရလည်း လုပ်ငန်းရှင်များ အများဆုံးတွေ့ကြုံရသည့် အဟန့်အတားမှာ ငွေကြေးအရင်းအနှီးလုံလောက်မှုမရှိခြင်း၊ ကျွမ်းကျင်လုပ်သား ရှားပါးခြင်း၊ နည်းပညာပိုင်းကျွမ်းကျင်မှု အားနည်းခြင်း၊ ဝယ်လိုအားအကန့်အသတ်ရှိခြင်း၊ ဈေးကွက်ဝန်ဆောင်မှု/ သယ်ယူပို့ဆောင်မှုအပိုင်းတွင် အားနည်းခြင်း၊ ကုန်ကြမ်းရှားပါးခြင်း၊ စွမ်းအင်ရရှိမှုအားနည်းခြင်း(လျှပ်စစ်စွမ်းအင်/ လောင်စာဆီ) စသည်တို့ဖြစ်သည်။

စာရေးသူ၏ လေ့လာချက်အရလည်း မြန်မာနိုင်ငံ၏ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် စိန်ခေါ်မှုများအနေဖြင့် တိုးတက်ပြောင်းလဲနေသော ခေတ်ရေစီးကြောင်းအရ MSME လုပ်ငန်းရှင်များသည် ၎င်းတို့၏ ကုန်ထုတ်စွမ်းအားနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းတို့အတွက် နည်းပညာအသစ်များ အသုံးပြုနိုင်မှုနည်းပါးနိုင်ခြင်း၊ MSME လုပ်ငန်းရှင်များ ဈေးကွက်ဝေစုရရှိနိုင်ရန်နှင့် လုပ်ငန်းချဲ့ထွင်ရာတွင် ကုမ္ပဏီကြီးများ၏ ပြိုင်ဆိုင်မှုကို ရင်ဆိုင်ရနိုင်ခြင်းနှင့် MSME လုပ်ငန်းများသည် မကြာခဏ အရင်းအမြစ်အကန့်အသတ်များရှိနိုင်ပြီး ဝယ်လိုအားအခြေခံနည်းပါးသောကြောင့် စီးပွားရေးအတက်အကျအချိန်များ၊ ဈေးနှုန်းကျချိန်များတွင် ပိုမိုထိခိုက်နိုင်ခြေရှိခြင်းတို့ကို ဖြစ်စေနိုင်ကြောင်း လေ့လာသုံးသပ်ရသည်။

ထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးအရင်းအနှီး၊ ကဏ္ဍအလိုက်ချိတ်ဆက်မှု၊ လုပ်သားအင်အား၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အတားအဆီးများ စသည့်ကဏ္ဍအသီးသီး၏ ပြောင်းလဲမှုကို ဖော်ဆောင်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးမည့် မူဝါဒအသစ်များ ချမှတ်နိုင်ရေးကို ထည့်သွင်းစဉ်းစားရန်လိုသည်။

ထိုသို့ ထည့်သွင်းစဉ်းစားရာတွင် ထုတ်လုပ်မှုတိုးမြှင့်စေရေးအတွက် လုပ်ငန်းတူများကို စုဖွဲ့ပူးပေါင်းဆောင်ရွက်စေရန်၊ Value Chains ပိုမိုအားကောင်းစေရန်၊ စားသောက်ကုန်ထုတ်လုပ်မှုပိုင်းတွင် International Value Chains ချိတ်ဆက်မှုပိုမိုအားကောင်းလာစေရေး ဆောင်ရွက်ပေးရန်၊ ဈေးကွက်အဆင်ပြေမှုရှိစေရန်၊ အသေးစား/ အလတ်စားနှင့် အကြီးစားစီးပွားရေးလုပ်ငန်းများ ထုတ်လုပ်မှုတိုးမြှင့်စေရေးအတွက် တရားဝင်ငွေကြေးအရင်းအနှီးရရှိစေရေး ဆောင်ရွက်ပေးရန်၊ အငယ်စားနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုတိုးမြှင့်စေရေးအတွက် လေ့ကျင့်သင်ကြားပေးမှုများ၊ အခွင့်အလမ်းများမြှင့်တင်ပေးရန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ခလစာတို့တွင် ကျား/မ တန်းတူညီမျှမှုအပါအဝင် အလုံးစုံဖွံ့ဖြိုးပြီး မျှတသောလုပ်သားဈေးကွက် ဖန်တီးပေးရန် စသည့်အချက်များကို အဓိကထား ထည့်သွင်းစဉ်းစားရန်လိုမည်ဖြစ်သည်။

**မြန်မာနိုင်ငံ၏လက်ရှိ MSMEs ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ**

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က စီးပွားရေးဦးတည်ချက် (၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ "သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့်အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး"သည် ဦးစားပေး ဦးတည်ချက်တစ်ရပ်အနေဖြင့် ပါဝင်ပြီးဖြစ်သည်။

**နိုင်ငံတော်အစိုးရ၏ MSME ကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှု**

နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်ရေးနှင့် လုပ်ငန်းများ ပိုမိုချဲ့ထွင်နိုင်ရေး၊ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများ ရောင်းလိုအားမြှင့်တင်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးတို့အတွက် MSME ချေးငွေများ၊ မြစိမ်းရောင်ချေးငွေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတို့မှ ရင်းနှီးမတည်ငွေများ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ MSME ၏ အခြေခံဖြစ်သော ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ သွင်းအားစုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် လူငယ်နှင့်အမျိုးသမီးများ၊ စွန့်ဦးတီထွင်သူများအား လိုအပ်သည့် နည်းပညာပေးခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့အပြင် ဆက်စပ်ဌာနများ၊ NGO၊ INGO များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုန်ကြမ်းနှင့် သွင်းအားစုရရှိအောင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၈ သို့*

# မကွေးတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များထံ ပို့ဆောင်မည့် လက်နက်/ခဲယမ်းများနှင့်အတူ တရားခံများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အုပ်စုများသည် ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကိုသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများအား ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။ ထို့အပြင် CRPH နှင့် NUG တို့သည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့နှင့် ချိတ်ဆက်၍ လက်နက်/ခဲယမ်းများ ဝယ်ယူကာ PDF အမည်ခံ အကြမ်းဖက်သမားများကို ထောက်ပံ့၍ အပြစ်မဲ့ပြည်သူများအပေါ် ခြိမ်းခြောက်ခြင်း၊ လူသတ်ခြင်းနှင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။**

နိုင်ငံတော် အစိုးရအနေဖြင့် လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်နှင့် အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း အကြမ်းဖက်သမားများ၏ သတင်းများကို လျှို့ဝှက်ပေးပို့လျက်ရှိသည်။ သို့ဖြစ်၍ တာဝန်သိပြည်သူများ၏ လျှို့ဝှက်စွာ သတင်းပေးပို့မှုများအား ဆက်စပ်သတင်း ဖော်ထုတ်မှုများအရ ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် သထုံမြို့ ကော့ကရိတ် - သထုံကားလမ်း သထုံမြို့အထွက် ကားဂိတ်၌ ကျိုက်ထိုမြို့ဘက်မှ မော်လမြိုင်မြို့ဘက်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် YGN/RLG–2396 ပရာဒိုယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်မောင်း **ဝင်းဇော်** နှင့် **ဇော်လွင်ဦး(ခ) ဉူးတေဇောဘာသ** တို့ကို MK- 12 သေနတ်နှစ်လက်၊ M–4 ကာဘိုင် နှစ်လက်၊ M–16 သေနတ် တစ်လက်၊ ပွိုင့်–၃၈၀ ရိုင်ဖယ် တစ်လက်၊ AK–47 သေနတ်တစ်လက်၊ Glock ပစ္စတို ၁၀ လက်၊ Sigsauer ပစ္စတို သုံးလက်၊ ကျည်မျိုးစုံ ၃၉၈၀ တောင့်၊ ကျည်အိမ်မျိုးစုံ ၄၆ ခု၊ ရီမုခလုတ် ၄၉ ခု တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျားနှစ်ဦးနှင့်အတူ လက်နက်ငယ်မျိုးစုံ ၂၀၊ ကျည်မျိုးစုံ ၃၉၈၀၊ ကျည်အိမ်မျိုးစုံ ၄၆ ခု၊ ရီမုခလုတ် ၄၉ ခု တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **ဝင်းဇော်** နှင့် **ဇော်လွင်ဦး(ခ) ဉူးတေဇောဘာသ** တို့ နှစ်ဦးသည် ၂၀၂၁ ခုနှစ် မတ်လခန့်တွင် KNLA တပ်မဟာ(၆) လှုပ်ရှားနယ်မြေ လေးကော့ကော်၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်းအား တစ်လခန့် တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်သင်တန်း တက်ရောက်စဉ် ရင်းနှီးခဲ့သည့် ဖမ်းဆီးရန်ကျန်တရားခံ ဆရာမိုး၊ မြဝတီမြို့နေသူ၏ ချိတ်ဆက်ပေးမှုဖြင့် အကြမ်းဖက် CRPH နှင့် NUG မှ KNLA တပ်မဟာ(၆)ထံမှ ဝယ်ယူခဲ့သည့် လက်နက်/ ခဲယမ်းများအား မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်အတွင်း လှုပ်ရှားလျက်ရှိသည့် မြိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ **ရဲသော်တာ (ခ) ကျောက်တိုင်၊ ဗိုလ်လကျာ် နှင့် မြိုင်ကြီး(ခ)ယက္ခ** တို့ထံသို့ အခကြေးငွေရယူ၍ ပို့ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ လက်နက်/ ခဲယမ်းများကို မွေ့ယာ၊ မြက်ဖျာများ၊ အဝတ်အစား ဘေထုပ်အိတ်များနှင့် မုန့်ပုံးများအတွင်း၌ ထည့်သွင်းသို ဝှက်၍ ခရီးသည်တင်ကားများဖြင့် ပို့ဆောင်ခြင်း၊ လိုင်စင်မဲ့ မော်တော်ယာဉ်များကို သာသနာပိုင်ယာဉ်၊ လူမှုကယ်ဆယ်ရေးယာဉ် နံပါတ်ပြားများတပ်ဆင်၍ ပုံမှားရိုက်ခရီးသွားဟန်လွှဲ ပြုလုပ်ပို့ဆောင်ခြင်း၊ ယာဉ်အောက်ကြမ်းခင်းများအတွင်း အံဝှက်များပြုလုပ်၍ ထည့်သွင်း ပို့ဆောင်ကာ လမ်းကြောင်း တစ်လျှောက် အဆင့်ဆင့် လက်ပြောင်းလက်လွှဲ ပြုလုပ်၍ လျှို့ဝှက်စွာသယ်ဆောင်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဦးမှုသတင်းရယူကာ စနစ်တကျပိတ်ဆို့ရှာဖွေစစ်ဆေးမှုများကြောင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုလုပ်ငန်း ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက် ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်း ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် သထုံမြို့၊ ကော့ကရိတ်– သထုံကားလမ်း၊ သထုံမြို့အထွက် ကားဂိတ်၌ ဖမ်းဆီးရမိခဲ့သည့် လက်နက်/ခဲယမ်းများ တင်ဆောင်လာသော ပရာဒိုယာဉ်၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် သထုံမြို့၊ ကော့ကရိတ်– သထုံကားလမ်း၊ သထုံမြို့အထွက် ကားဂိတ်၌ ဖမ်းဆီးရမိခဲ့သည့် တရားခံ နှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။



ဝင်းဇော်



ဇော်လွင်ဦး(ခ) ဉူးတေဇောဘာသ

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် သထုံမြို့၊ ကော့ကရိတ်– သထုံကားလမ်း၊ သထုံမြို့အထွက် ကားဂိတ်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။



---

*စာမျက်နှာ ၁၇ မှ*

**ဒေသမှ စံပြုထုတ်ကုန်တစ်မျိုးချင်းကို ဈေးကွက်ဝင်ရေး ဆောင်ရွက်ခြင်း**

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု လုပ်ငန်းများမှ တစ်ဆင့် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းချိုသာပြီး အဆင့်မီစွာသုံးစွဲနိုင်မည့် ကုန်ပစ္စည်းများကို တွင်ကျယ်စွာအသုံးပြုနိုင်ရေးအတွက်လည်း OVOP အစီအစဉ်ဖြင့် ဒေသထွက်ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ ထွက်ပေါ်လာရေးကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

**ဈေးနှုန်းသက်သာစွာသုံးစွဲနိုင်ရုံမက ပြည်တွင်းဖူလုံပြီး ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေး**

စားသုံးဆီဖူလုံရန် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးတို့အပြင် အုန်းသီးအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများကို ဒေသထွက်ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ပြီဖြစ်ပါသည်။ တန်ဖိုးမြှင့် ကော်ဖီထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သောစက်ကိရိယာနှင့် အရင်းအနှီးများ ထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်လာနိုင်စေရေးအတွက် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများထုတ်ချေးပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**MSMEs ကဏ္ဍဖွံ့ဖြိုးရေးတွင် အရေးပါသည့် ထိုင်းနိုင်ငံ၏ OTOP နှင့် မြန်မာနိုင်ငံ၏ OVOP**

အထက်တွင် ကျွန်တော်ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း ထိုင်းနိုင်ငံ၏ OTOP စီမံကိန်းသည် ဒေသထွက်အင်အားစုနှင့် သယံဇာတများကို အသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ထုတ်လုပ်မှုများ ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ပင် မြန်မာနိုင်ငံ၏ OVOP သည်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးလာနိုင်ပြီး MSME လုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးလာစေရေးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် MSME လုပ်ငန်းပေါင်း ၄၀၀၀၀ ကျော်ရှိပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ၉၉ ရာခိုင်နှုန်းခန့်အထိ ပါဝင်လျက်ရှိရာ နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တွင် အရေးကြီးသောအခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ စာရေးသူအနေဖြင့် သုံးသပ်ဆွေးနွေးလိုသည်မှာ MSME လုပ်ငန်းရှင်များ အဓိကရင်ဆိုင်နေကြရသည့် အဟန့်အတားများ ဖြေလျှော့ပေးခြင်း၊ OVOP စနစ်ဖြင့် ဒေသအလိုက် စံပြုထုတ်ကုန်များ ထုတ်လုပ်လာနိုင်ပြီး ပြည်တွင်း/ ပြည်ပသို့ ဈေးကွက်ဝင်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ သွင်းအားစုနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးစေရေးတို့အတွက် လိုအပ်သောရန်ပုံငွေ၊ ချေးငွေ အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့အပြင် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးအခြေခံဖြစ်သော MSME ကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကိုးကား**

၁။ Myanmar Micro, Small, and Medium Enterprise Survey 2019 Descriptive Report
၂။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (၂၀၁၅)
၃။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေ (၂၀၁၆)
၄။ အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ (၂၀၁၁)
၅။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏(၁/၂၀၂၃)အစည်းအဝေး ကောက်နုတ်ချက်
၆။ ကမ္ဘာ့ဘဏ်မှ ရေးသားသော ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုဖော်ပြချက်
၇။ Charltons Myanmar ၏ SMES in Myanmar ဖော်ပြချက်







**အရေးကြီးသော ငှက်မျိုးစိတ်များနှင့် အခြားဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားရာနေရာဒေသ(Important Bird Area-IBA) ဆိုသည်မှာ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်နှင့် မျိုးသုဉ်းမှုအန္တရာယ်တို့နှင့် ရင်ဆိုင်ကြုံတွေ့နေရသော ငှက်မျိုးစိတ်များနှင့် အခြား ဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားကြပြီး စနစ်တကျထိန်းသိမ်းရန် အရေးကြီးသည့်နေရာများဖြစ်သည်။**

# သစ္စာတရားခိုင်မြဲမှု၏ သင်္ကေတ အောက်ချင်းငှက် မျိုးစိတ်များ မျိုးသုဉ်းမှု အန္တရာယ်

ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)

အောက်ချင်းငှက်သည် မြန်မာနိုင်ငံ၌ ရှားပါးစွာတွေ့ရသော တောရိုင်းတိရစ္ဆာန်များထဲတွင် ပါဝင်ပြီး မြန်မာနိုင်ငံအတွင်း အမြဲနေထိုင်လေ့ရှိသော ငှက်အမျိုးအစားလည်းဖြစ်သည်။ မြန်မာနိုင်ငံအပြင် ကမ္ဘာပေါ်၌ အောက်ချင်းငှက်များ တွေ့ရှိနိုင်သော နေရာဒေသများမှာ အာဖရိက၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံအနောက်တောင်ပိုင်း၊ နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံ အနောက်ပိုင်း၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနှင့် မလေးရှားနိုင်ငံတို့တွင်လည်း တွေ့ရှိရသည်။ ယင်းငှက်အား မြန်မာနိုင်ငံ၌ အများအားဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးရိုးမတောင်တန်းများနှင့် သစ်တောများ၌ တွေ့နိုင်သည်။

အောက်ချင်းငှက်သည် မျိုးစိတ်ပေါင်း ၁၅ မျိုးခန့်ရှိပြီး မြန်မာနိုင်ငံတွင် အောက်ချင်းငှက်မျိုးစိတ်ပေါင်း ၁၀ မျိုးရှိပြီး အောက်ချင်း၊ အောက်ချင်းလည်နီ၊ လည်ဖြူအောက်ချင်းညို၊ အောက်ချင်းညို၊ အောက်ချင်းမျက်ကွင်းဖြူ၊ အောက်ချင်း ခေါင်းဖြူ၊ အောင်လောင်၊ အောက်ချင်းလည်ဝါ၊ ဂေါရင်၊ အောက်ချင်းမြီးရှည်တို့ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် အောက်ချင်းငှက်၊ အောင်လောင်ငှက်နှင့် အောက်ချင်းမြီးရှည်ငှက် အမျိုးအစား အများဆုံး နေထိုင်ကျက်စားသည်။ အောက်ချင်းငှက်များမှာ ချင်းပြည်နယ်အတွင်း နေထိုင်ကျက်စားကြပြီး



အတွင်းရှိ ဧရိယာ ၁၂၃၄၁ ဒသမ ၈ ဧကကို မီအေပီတောင်အမျိုးသားဥယျာဉ်အဖြစ် ၂၀၁၂ ခုနှစ် မတ် ၁၀ ရက်မှစတင်၍ လည်းကောင်း၊ ဖလမ်းမြို့နယ်အတွင်းရှိ ဧရိယာ ၉၉၈၄ ဒသမ ၂၈ ဧကကို ဇိန်မှူတောင် အမျိုးသားဥယျာဉ်အဖြစ် ၂၀၁၂ ခုနှစ် မတ် ၁၁ ရက်မှစတင်၍လည်းကောင်း၊ ထန်တလန်မြို့နယ်အတွင်းရှိ ဧရိယာ ၆၈၀၄ ဒသမ ၅၀ ဧကကို ကျီရီးယန်းတောင်အမျိုးသားဥယျာဉ်အဖြစ် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်မှစတင်၍လည်းကောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက သတ်မှတ်ခဲ့သည်။

ရှားပါးမျိုးစိတ်နှင့် မျိုးသုဉ်းရန်အန္တရာယ်နှင့်ရင်ဆိုင်နေရသော နို့တိုက်သတ္တဝါများနှင့် ငှက်မျိုးစိတ်များဖြစ်သည့် အောက်ချင်း၊ အောင်လောင်၊ မျက်ခုံးဖြူငှက်ပြာခြောက်၊ ဇာမဏီငှက်၊ မြန်မာတစ်ငှက်များ၊ အပင်မျိုးစိတ်များ၊ သစ်ခွမျိုးစိတ်များ တည်ရှိရာဒေသတစ်ခုဖြစ်သော ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင် မင်းတပ်၊ ကန်ပက်လက်နှင့် မတူပီမြို့နယ်များအတွင်း တည်ရှိသည့် ဝိတိုရိယ (ခေါ်) ခေါ်နူးစုမ် (ခေါ်) နတ်မတောင် (အကျယ်အဝန်း ၁၇၆၂၀၂ ဧက)ကို ၁၉၆၃ ခုနှစ်တွင် ဘောလီမိုးကြိုးဝိုင်းအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် Important Bird Area (IBA) အဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အမျိုးသားဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် အာဆီယံအမွေအနှစ်အဖြစ်လည်းကောင်း အဆင့်ဆင့်တိုးမြှင့် သတ်မှတ်ခဲ့ကြသည်။

အလားတူ ၂၀၁၉ ခုနှစ်တွင် သစ်တောဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA)က ဦးဆောင်၍ အောက်ချင်းမြီးရှည်ငှက် ထိန်းသိမ်းရေးစီမံကိန်းလုပ်ငန်းများအတွက် သုတေသနပြုဆောင်ရွက်ရာ တနင်္သာရီတိုင်းဒေသကြီးတောင်ဘက်ပိုင်းရှိ သစ်တောကြိုးဝိုင်းများသည် အောက်ချင်းမြီးရှည်ငှက် နေထိုင်ကျက်စားရာ အဓိကနေရာများအဖြစ် လေ့လာတွေ့ရှိခဲ့ကြသည်။

အောက်ချင်းမြီးရှည်ငှက်များကို တနင်္သာရီတိုင်းတွင် အများဆုံးတွေ့ရကာ ယင်းမျိုးစိတ်သည် မျိုးသုဉ်းပျောက်ကွယ်တော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် မျိုးစိတ်လည်းဖြစ်သည်။ အောင်လောင်ငှက်ကိုမူ မြန်မာပြည်နေရာအချို့နှင့် ချင်းပြည်နယ်တို့တွင် အောက်ချင်းငှက်ဟု ခေါ်ဆိုပြီး အခြားနေရာများတွင် အောင်လောင်ငှက်ဟုခေါ်ဆိုကြသည်။

## သားပေါက်ချိန်

အောက်ချင်းငှက်များသည် ဆောင်းအကုန်နွေအကူး ဇန်နဝါရီလမှ ဧပြီလအတွင်း ဥဥလေ့ရှိတတ်ကြပြီး တစ်ကြိမ်လျှင် ဥတစ်လုံးမှ သုံးလုံးအထိ ဥတတ်ကြသည်။ ဥဝပ်ချိန်သည် တစ်လခွဲမျှကြာမြင့်လေ့ရှိပြီး ၃၈ ရက်မှ ရက် ၄၀ အတွင်း သားပေါက်ကြသည်။ သားပေါက်သည့်အချိန်တွင် အမနှင့်သားပေါက်လေးသည် ပိတ်ထားသည့်အသိုက်ပေါက်ကိုဖောက်၍ အထီးဆီမှ အစာရရှိစေရန် ထပ်ခါထပ်ခါ အော်မြည်ကြသည်။ အထီးသည် ငါးလလောက်အထိ အမနှင့်သားငယ်ကို အစာကျွေးသည့်အပေါက်မှ အစာများကို အန်ကျွေးသည်။ သားပေါက်သောအခါ ဥဝပ်သည့်သစ်ပင်ကြီး၏ အမြင့်ဆုံးထိပ်ဖျား၌ အသိုက်လုပ်နေလေ့ရှိကြသည်။ အောက်ချင်းငှက်များ၏ ချစ်ခြင်းမေတ္တာတရားကြီးမားမှုနှင့် သစ္စာရှိမှုတို့သည် လွန်စွာလေးစားဖွယ်ကောင်းသော်လည်း ငှက်ထီးဖြစ်စေ၊ ငှက်မဖြစ်စေ အသက်ဘေးအန္တရာယ်ကြုံတွေ့နေရသည်ကို တွေ့ရှိပါက လိုက်လံသေဆုံးလေ့ရှိသည်မှာ ရင်နင့်စရာကောင်းလှသည်။

## ထိန်းသိမ်းစောင့်ရှောက်ရေး

အောက်ချင်းငှက်ကို မြန်မာနိုင်ငံ၏ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ပါဝင်သည်။ အောက်ချင်းငှက်များ သားပေါက်ရာဒေသတစ်ခုဖြစ်သည့် ချင်းပြည်နယ် ထန်တလန်မြို့နယ်

ချင်းပြည်နယ်၏ အထိမ်းအမှတ် အောက်ချင်းငှက်များ မျိုးသုဉ်းပျောက်ကွယ်လာရခြင်းအကြောင်းရင်းမှာ ဒေသတွင်းရှိ ငှက်မုဆိုးတို့၏ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရောင်းချခြင်း၊ သစ်တောများ ပျက်စီးပြုန်းတီးလာမှုနှင့်ဒေသအလိုက် သဘာဝ သားကောင်များ၊ သဘာဝသစ်တောများကို ထိန်းသိမ်းမှုအားနည်းခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် အောက်ချင်းငှက်အား ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဒေသခံပြည်သူများအားလုံး လက်တွဲညီညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ အောက်ချင်းငှက်များ လွတ်လပ်စွာ ရှင်သန်ခွင့်ရမည်ဖြစ်သည်။

# ၂၀၂၃ ခုနှစ် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့

မြန်လင်းမောင်

**နှစ်စဉ် မတ် ၃ ရက်တိုင်းတွင် "ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့"ကို ကမ္ဘာတစ်ဝန်းတွင် ကျင်းပလေ့ရှိသည်။ ဤနေ့သည် ၁၉၇၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော မျိုးသုဉ်းရန်အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်(the Convention on International Trade in Endangered Species of Wild Fauna and Flora – CITES)ကို လက်မှတ်ရေးထိုးခဲ့သောနေ့လည်းဖြစ်သည်။ ယခုအခါ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့သည် ကမ္ဘာလုံးဆိုင်ရာ တောရိုင်းတိရိစ္ဆာန်နှင့် အပင်မျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ပေးသည့် အရေးကြီးဆုံးနေ့ တစ်ခုဖြစ်လာသည်။**

၂၀၂၃ ခုနှစ် မတ်လ ၃ ရက်တွင် ကျရောက်သည့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့သည် မျိုးသုဉ်းရန်အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်အဖွဲ့(CITES) ၏ နှစ် (၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့လည်းဖြစ်သည်။ CITES သည် ကုန်သွယ်မှုနှင့် ထိန်းသိမ်းရေး၏ အဓိကနေရာတွင် ရပ်တည်နေပြီး ကွန်ဗင်းရှင်းတွင် ပါဝင်သူများအနေဖြင့် မျိုးသုဉ်းလုနီးပါးမျိုးစိတ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အာမခံချက်ပေးနိုင်ရေးကို ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။

ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး မိတ်ဖက်များ– Partnerships for Wildlife Conservation" ဖြစ်သည်။

တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲအရင်းအမြစ်များသည် လူသားတို့၏ အခြေခံလိုအပ်ချက်များဖြစ်သည့် အစားအစာ၊ လောင်စာဆီ၊ ဆေးဝါး၊ အိမ်ရာများနှင့် အဝတ်အထည်များအထိ ဖြည့်ဆည်းပေးလျက်ရှိပြီး သန်းပေါင်းများစွာသော လူသားများ၏ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေး အခွင့်အလမ်းများ၏ အရင်းအမြစ်အဖြစ် သဘာဝကို မှီခိုအားထားနေကြရသည်။

ထို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတိုင်းတွင် နိုင်ငံအဆင့်နှင့် ဒေသအဆင့်အလိုက် တောရိုင်းတိရစ္ဆာန် မျိုးစိတ်များနှင့် ဂေဟစနစ်များ ထိန်းသိမ်းရေးအပေါ် အာရုံစိုက် ပူးပေါင်းဆောင်ရွက်ရန် မရှိမဖြစ် လိုအပ်လှပေသည်။





"ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့သည် ကျွန်ုပ်တို့ကမ္ဘာမြေပေါ်ရှိ ကြီးကျယ်ခမ်းနားသော ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ရမည့်တာဝန်ကို ထင်ဟပ်ပြသနေပြီး လူသားတို့၏ လုပ်ဆောင်ချက်များသည် တစ်ချိန်က ရှင်သန်နေသော သစ်တောများ၊ တောတောင်များ၊ လယ်မြေများ၊ သမုဒ္ဒရာများ၊ မြစ်များ၊ ပင်လယ်များနှင့် ရေကန်များဆီကို ညစ်ညမ်းစေလျက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် မျိုးစိတ်ပေါင်း တစ်သန်းခန့်၏ နေရင်းဒေသများ ပျက်စီးခြင်း၊ ရုပ်ကြွင်းလောင်စာဆီ ညစ်ညမ်းမှုနှင့် ပိုမိုဆိုးလာသော ရာသီဥတုဆိုင်ရာ အကျပ်အတည်းများကြောင့် မျိုးသုဉ်းလုနီး အခြေအနေသို့ ရောက်ရှိလာနေကြောင်း၊ ထို့ကြောင့် ကာဗွန်ထုတ်လွှတ်မှုကို ဖြတ်တောက်ရန်၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှု အရှိန်မြှင့်ရန်နှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိအောင် တည်ဆောက်ရန် ပိုမိုခိုင်မာသော လုပ်ဆောင်မှုများ ယခုပင် လုပ်ဆောင်ရန်လိုအပ်ကြောင်းနှင့် ကျွန်ုပ်တို့အားလုံးသည် သဘာဝနေရင်းဒေသများကို နေ့စဉ်နှင့်အမျှ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် သက်ရှိသတ္တဝါအားလုံးအတွက် သာယာသောအနာဂတ်ကို တည်ဆောက်ကြပါစို့" ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က "၂၀၂၃ ခုနှစ် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့" အထိမ်းအမှတ် သတင်းစကားပေးပို့ထားသည်။

**ကိုးကား** – https://wildlifeday.org/en/message/antonio-guterres
https://www.wildlifeday.org/en/about-us

# ကျော်ကြားသောအမှတ်တံဆိပ်အကြောင်း သိကောင်းစရာများ

ကျော်ကြားသောအမှတ်တံဆိပ်ဆိုသည်မှာ အမှတ်တံဆိပ်တစ်ခုဖြစ်သော်လည်း သာမန်အမှတ်တံဆိပ်မျိုးမဟုတ်ဘဲ သုံးစွဲသူများအကြားတွင် အခြားသောအမှတ်တံဆိပ်များထက် လူသိများပြီး ထင်ပေါ်ကျော်ကြားသည့် အမှတ်တံဆိပ်တစ်ခုဖြစ်ပါသည်။ ကျော်ကြားသောအမှတ်တံဆိပ်တစ်ခုသည် စတင်ဖန်တီးအသုံးပြုသည့်အချိန်၌ ကျော်ကြားမှုမျိုးမဟုတ်ဘဲ သာမန်အမှတ်တံဆိပ်ကို အချိန်ကာလတစ်ခုထိ အသုံးပြုနေခြင်းမှ အများပြည်သူကြား ကျော်ကြားသော အမှတ်တံဆိပ်ဖြစ်လာခြင်းဖြစ်သည်။ အမှတ်တံဆိပ်တစ်ခုသည် သက်ဆိုင်ရာနယ်ပယ်တွင် ယင်းအမှတ်တံဆိပ်ကို အသုံးပြုခဲ့သည့် အချိန်ကာလ၊ အများပြည်သူ၏ အသိအမှတ်ပြုမှု သို့မဟုတ် လူသိများမှုပမာဏ၊ မိမိအသုံးပြုထားသည့် အမှတ်တံဆိပ်အား အများပြည်သူ သိရှိစေနိုင်ရန်အတွက် ကြော်ငြာခြင်း၊ ကုန်စည်ပြပွဲများတွင် ခင်းကျင်းပြသခဲ့ခြင်းများအပါအဝင် ရောင်းအားမြင့်တင်ခြင်းအစရှိသည့် အချက်များကြောင့် ကျော်ကြားသောအမှတ်တံဆိပ်အဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပြီး အဆိုပါစံနှုန်းများ၊ စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိရန်လိုအပ်ပါသည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ (၂၀၁၉) တွင်လည်း ကျော်ကြားသော အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်ထည့်သွင်းဖော်ပြထားသည်။ အမှတ်တံဆိပ်တစ်ခုသည် ယင်းအမှတ်တံဆိပ်ကို အသုံးပြုထားသည့် ကုန်ပစ္စည်း၏အရည်အသွေးကို အချိန်ကာလကြာမြင့်စွာ ထိန်းသိမ်းထားနိုင်ခြင်း၊ ယင်းအမှတ်တံဆိပ်ကိုပင် တစ်ဆက်တည်း အသုံးပြုခဲ့ခြင်းကြောင့် သုံးစွဲသူများကြားတွင် လူသိများပြီး ထင်ရှားကျော်ကြားသော အမှတ်တံဆိပ်ဖြစ်လာသည့်အတွက် အကာအကွယ်ရရှိနိုင်သည့် အခွင့်အရေးမှာလည်း သာမန်အမှတ်တံဆိပ်ထက် ပိုမိုကျယ်ပြန့်ခြင်းဖြစ်သည်။ ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုသည် မှတ်ပုံမတင်ထားသော်လည်း ယင်းအမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူဖြစ်သည့်အပြင် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများမှာလည်း ထပ်တူ သို့မဟုတ် အလားတူဖြစ်နေပါက ထိုသို့ အသုံးပြုနေခြင်းအပေါ် ကန့်ကွက်နိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်သည်။

မှတ်ပုံတင်ထားသော ကျော်ကြားသောအမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို အခြားသူတစ်ဦးဦးက မတူညီသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများတွင် အသုံးပြုခြင်းသည် မှတ်ပုံတင်ထားသော ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့အကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်းပြသကဲ့သို့ဖြစ်နိုင်ပြီး အကျိုးစီးပွားကိုလည်း ထိခိုက်နိုင်သောကြောင့် ထိုသို့အသုံးပြုခြင်းအပေါ် ကန့်ကွက်နိုင်မည်ဖြစ်သည်။

(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဌာနခွဲ)

# ရောဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးထားရှိမှု



ရောဝတီတိုင်းဒေသကြီး၌ နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟူသော မူဝါဒနှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်၍ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်ကာ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် နှမ်းစပါးသီးနှံကေ ၄၀၆၀၀၀၊ ငွေကျပ်နှစ်သိန်းနှင့်ညီမျှသော ယူရီးယားဓာတ်မြေသြဇာ နှစ်အိတ်ကို လည်းကောင်း၊ ဆောင်း ပဲတီစိမ်းကေ ၁၅၀၀၀၀ အား တစ်ကေလျှင် ငွေကျပ် ၁၂၀၀၀၀ နှင့် ညီမျှသော ရွက်ဖျန်းပိုးသတ်ဆေးများအား ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ စီမံကိန်း၌ ပါဝင်သော တောင်သူအစုအဖွဲ့အားလုံးအတွက် သွင်းအားစုများကို ထည့်သွင်းအသုံးပြုရန် စီမံပေးခြင်းဖြစ်၍ တစ်ကေအထွက်နှုန်းများ တိုးတက်လာစေခြင်း၊ ဈေးနှုန်းဈေးကွက်သေချာခြင်း၊ တောင်သူများ ဝင်ငွေပိုမိုရရှိသဖြင့် နိုင်ငံ့စီးပွား တိုးတက်မြင့်မားလာခြင်း၊ တောင်သူများအားလုံး အကျိုးအမြတ်ပိုမိုရရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြည်ပဈေးကွက်သို့ ပိုမိုချိတ်ဆက်မှု ရရှိစေခြင်းနှင့် ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခံစားစေမည်ဖြစ်ကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီး၌ ယခုနှစ် နှမ်းစပါးစိုက်ပျိုးရန် လျာထားကေ ၄၀၆၀၀၀ အနက် ယခုအချိန်ထိ ကေ ၃၇၀၈၀ ရာခိုင်နှုန်းအားဖြင့် ၉၁ ဒသမ ၃၃ ရာခိုင်နှုန်းနှင့် ပဲတီစိမ်းစိုက်ပျိုးရန် လျာထားကေ ၁၅၀၀၀၀ အနက် ၁၀၉၂၂၇ ကေ ရာခိုင်နှုန်းအားဖြင့် ၇၂ ဒသမ ၈၂ ရာခိုင်နှုန်းကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ ကျန်ကေများကိုလည်း လျာထားချက်ပြည့်မီအောင် ဖော်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **DOCA(ရောဝတီ)**

# မြိတ်မြို့၌ ကုန်သွယ်မှုလုပ်ငန်းများ ကောင်းမွန်လျက်ရှိ

အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်ဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၇ ရက်အတွင်း မြိတ်ဒေသမှ ထိုင်းနိုင်ငံသို့ ကားလမ်းကြောင်းမှ ငါးကြိတ်သားတန် ၇ ဒသမ ၂၀၊ မုတ်ခွံ တန် ၇၂ ဒသမ ၀၀ နှင့် ငါးမှုန့် တန် ၁၀၀၅ ဒသမ ၀၀ တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်း မြိတ်ဒေသ၌ သုံးစွဲလျက်ရှိသည့် စက်သုံးဆီများအား ထိုင်းနိုင်ငံမှ တင်သွင်းသုံးစွဲလျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၇ ရက်အတွင်း ဒီဇယ်ဆီတန် ၄၅၀ ဒသမ ၀၀၊ ဓာတ်ဆီ တန် ၃၅၀ ဒသမ ၀၀ နှင့် ပုစွန်စာ တန် ၆၀ ဒသမ ၀၀ တင်သွင်းနိုင်ခဲ့သည်။ ပြင်ပငွေလဲနှုန်းအနေဖြင့် ကျပ်/ဘတ် ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၈၃ ဒသမ ၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။

# မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ဖေဖော်ဝါရီ ၂၆ ရက် ကုန်သွယ်မှုအခြေအနေ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ပို့ကုန်တန်ဖိုးကန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၃၄ သန်း၊ သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၃၀၉ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၄၃ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးအမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ပဲတီစိမ်း ၁၁၀၄ တန်၊ ပဲယင်း ၅၂၅ ဒသမ ၅ တန်၊ မြေပဲဆန် ၃၄၁ ဒသမ ၅ တန်၊ ချဉ်ပေါင်ဖာလာ (အခွံပါ) ၁၁၉ ဒသမ ၉တန်၊ ကြက်သွန်နီ ၄၉၃ ဒသမ ၅ တန်၊ ငစိန်ဆန် 15 % ၃၆၁ ဒသမ ၅ တန်၊ ငါးရှဉ့် ၃၂ ဒသမ ၆၀ တန်၊ သီဟိုဠ်စေ့ ၁၅ ဒသမ ၈ တန်၊ ဆန်ကွဲ ၂၈၈ ဒသမ ၅ တန်နှင့် သခွားမွှေး တန် ၄၄၀ တို့ဖြစ်သည်။

အများဆုံးအမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဆိုလာပြား၊ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ ကားတာယာ၊ ကြွေပန်းကန်/ကြွေခွက်၊ အသီးထည့်သည့် စက္ကူအိတ်အညို၊ သွပ်ပြားလိပ်၊ ပန်းသီး၊ LED အလှမီးဆိုင်း၊ ကလေးကစားအရုပ်များနှင့် ဖိနပ်တို့ဖြစ်သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၆ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၂၂၇ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၈၀၆ သန်း၊ ကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၈၆ ဒသမ ၀၃၃ သန်း ဆောင်ရွက်နိုင်သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၃၀၇ ဒသမ ၄၉၆ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှု လမ်းကြောင်းကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် CMP ပစ္စည်းများ တင်ပို့မှုရှိသည်။

လယ်ယာထွက်ကုန်ပစ္စည်းများမှာ ဆန်မှုန့်၊ မတ်ပဲ၊ နှမ်း၊ ပီလောပီနံ၊ ငရုတ်၊ ဒန့်သလွန်သီးစေ့၊ ဆီးဖြူသီးစေ့၊ ဂေါ်ဖီထုပ်၊ ဆန်ကွဲ၊ ကြက်သွန်နီ၊ မန်ကျည်းသီး၊ ပြောင်း၊ ချင်း၊ မြေပဲ၊ ရော်ဘာနှင့် ကော်ဖီစေ့ တို့ဖြစ်သည်။ ရေထွက်ကုန်ပစ္စည်းများမှာ ခုံး၊ ခရု၊ ငါးတီး၊ အုန်းငါးမုတ်၊ ကဏန်း၊ ပုစွန်၊ ကျောက်ငါး၊ ငါးသလောက်၊ ကကူရံ၊ ငါးရှဉ့်၊ ငါးခွေးလျှာ၊ ငါးပါးနီ၊ ငါးခားလွယ်၊ ငါးပိ၊ ပင်လယ်ငါးပြေမ၊ ငါးမြစ်ချင်း စည်ဖောင်းနှင့် ငါးပုတ်သင်စည်ဖောင်းတို့ဖြစ်ပြီး CMP တင်ပို့မှုမှာ အမျိုးသား အမျိုးသမီးဝတ်အထည်အလိပ်များ တင်ပို့လျက်ရှိသည်။

အများဆုံးပို့ကုန်ပစ္စည်းများဖြစ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ငရုတ်၊ ဂေါ်ဖီထုပ်တို့ကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်လှေကား အပိုပစ္စည်း၊ စားသောက်ကုန်၊ ဖိနပ်နှင့် ဖိနပ်ကုန်ကြမ်းပစ္စည်း၊ သစ်သီး၊ အထည်အလိပ်၊ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ တိရစ္ဆာန်အရှင်၊ စက်ဆီ/ချောဆီ၊ စက်နှင့် စက်အပိုပစ္စည်း၊ထုပ်ပိုးကုန်ကြမ်း၊ အိမ်သုတ်ဆေးများ၊ လူသုံးကုန်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ လယ်ထွန်စက်အပိုပစ္စည်း၊ ငါးဖမ်း ကိရိယာနှင့် ဆေးနှင့် အားကစားပစ္စည်းတို့ တင်သွင်းလျက်ရှိသည်။

ဇန်နဝါရီ ၅ ရက်မှစ၍ မြဝတီကုန်သွယ်မှုလမ်းကြောင်းများ ပုံမှန်ဖြစ်ပေါ်လာပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပြောင်းဆန်များ တိုးမြှင့်တင်ပို့လာနိုင်ခြင်းနှင့် တရုတ်နှစ်သစ်ကူးနောက်ပိုင်း တစ်ဖက်နိုင်ငံမှ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာခြင်းတို့ကြောင့် ဘတ်ဈေးများ တဖြည်းဖြည်း ကျဆင်းလျက်ရှိသည်။

ငွေဈေးနှုန်းအနေဖြင့် ယခင်အပတ်က တစ်ဘတ်လျှင် ၈၄ ဒသမ ၃၉ ကျပ်အထိရှိခဲ့ပြီး ယခုအပတ်တွင် ၈၃ ဒသမ ၃၃ ကျပ်ခန့်အထိရှိရာ ဘတ်ဈေး အနည်းငယ်ပြန်ကျလာသဖြင့် သွင်းကုန်များ ပိုမိုတင်သွင်းလျက်ရှိကြောင်း သတင်းရရှိသည်။

# ရွှေဘိုဈေးကွက်အတွင်း စတင်ဝင်ရောက်လာသည့် ကုလားပဲ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ကုလားပဲ(ဆောင်း)များ စိုက်ပျိုးလျက်ရှိပြီး ရွှေဘိုမြို့နယ်တွင် ၄၉၆၉ ဧက၊ ဝက်လက်မြို့နယ်တွင် ၅၆၈၈၈ ဧကနှင့် ခင်ဦးမြို့နယ်တွင် ၂၄၄၇ ဧက စိုက်ပျိုးထားရှိရာ ဝက်လက်မြို့နယ်တွင် တစ်ခရိုင်လုံး စိုက်ဧက၏ ၈၈ ရာခိုင်နှုန်းကျော် အများဆုံးစိုက်ပျိုးကြောင်း၊ ယခုအချိန်တွင် စိုက်ပျိုးထားသည့် ကုလားပဲများ စတင်ရိတ်သိမ်းလျက်ရှိပြီး ဖေဖော်ဝါရီလ ဒုတိယအပတ်အထိ ၆၀၉၀၇ ဧက ရိတ်သိမ်းပြီးစီးကြောင်း၊ တစ်ဧက အထွက်နှုန်း ၂၄ တင်းကျော်ထွက်ရှိကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

ရွှေဘိုဈေးကွက်အတွင်း ရိတ်သိမ်းပြီးကုလားပဲများ ဖေဖော်ဝါရီလ တတိယပတ်တွင် စတင်ဝင်ရောက်လာလျက်ရှိရာ ဝက်လက်မြို့နယ်အတွင်းရှိ ကျောက်တိုင်ကျေးရွာနှင့် မင်းကျီကျေးရွာများမှ အများဆုံးဝင်ရောက်လျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ကုလားပဲတစ်တင်းလျှင် ငွေကျပ် ၆၃၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ကာ ရွှေဘိုဈေးကွက်သို့ တစ်ပတ်လျှင် ကုလားပဲဝင်ရောက်မှု တင်း ၁၃၅၀၊ တန်အားဖြင့် ၄၂ တန် ဝင်ရောက်လျက်ရှိကြောင်း၊ ရွှေဘိုမြို့တွင် ကုလားပဲအခွံချွတ်သည့်စက် မရှိသေးသည့်အတွက် မန္တလေးသို့ တင်ပို့ရောင်းချမှုများပြားသော်လည်း လက်ရှိအချိန်တွင် ကုန်သည်အများစုအနေဖြင့် ဝယ်ယူရရှိသည့် ကုလားပဲများကို အခြားဒေသများသို့ ပြန်လည်ရောင်းချခြင်းမပြုဘဲ လက်ဝယ်ထားရှိကြကြောင်း ရွှေဘိုမြို့ ပဲ၊ နှမ်း ကုန်စည်ဒိုင်များမှ သိရသည်။ **DOCA(စစ်ကိုင်း)**

# မရမ်းကုန်းမြို့နယ်လုံးဆိုင်ရာ စုဠ္ဌဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အရိယာမဏ္ဍိုင်စာသင်တိုက် သဒ္ဓမ္မဝါစီကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က မရမ်းကုန်းမြို့နယ်လုံးဆိုင်ရာ စုဠ္ဌဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပရာ တိုင်းသံဃနာယက ဩဝါဒါစရိယဆရာတော်၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ ကျောင်းတိုက်အသီးသီးမှ စာအောင်သံဃာတော်များနှင့် သီလရှင်ဆရာလေးများ ကြွရောက်တော်မူသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး ဟန်ထွန်းဇော်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ရေကူးသံဃတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တ ကုမုဒထံမှ ငါးပါးသီလနှင့် ပရိတ်တရားတော်များကို နာယူကြကာ မရမ်းကုန်းမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ သီလာစာရထံမှ ဩဝါဒကထာ တရားနာယူကြသည်။

ယင်းနောက် ၂၀၂၂ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကြီးကို မရမ်းကုန်းမြို့နယ်အတွင်း ကျောင်းတိုက်အသီးသီးမှ ရဟန်းသာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ် ၅၅၄ ပါး/ဦး ဖြေဆိုကြရာ၌ "ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ မူလတန်း" တို့မှ ရဟန်း၊ သာမဏေ၊ သီလရှင် ၁၄၄ ပါး ဖြေဆိုအောင်မြင်တော်မူသဖြင့် နိုင်ငံတော်မှ ချီးမြှင့်ဆုငွေကျပ် ၆၈၃၀၅၀၀၊ စေတနာရှင်ပြည်သူများနှင့် မြို့နယ်/ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များမှ လှူဒါန်းငွေကျပ် ၁၁၀၀၀၀၀၊ ဂုဏ်ပြုဆုငွေနှစ်ရပ်ပေါင်း ငွေကျပ် ၇၉၃၀၅၀၀ အား ဂုဏ်ပြုအောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အရှေ့ဒဂုံမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ ဉာဏရိပ်မွန် ပရဟိတကျောင်းတိုက်တွင် ရဟန်း၊ သံဃာတော်များနှင့် စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများကို ဆက်ကပ်လှူဒါန်းကြသည်။



နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ပွဲစကတည်းက တိုက်စစ်အားပြု ကစားခဲ့သော်လည်း ကွင်းလယ်နှင့် တိုက်စစ်ကစားသမားများ ပုံမှန်ခြေစွမ်းမရသဖြင့် တိုက်စစ်တွင် ရှန်းကန်ခဲ့ရသည်။ ထို့ကြောင့် ဒုတိယပိုင်းအစတွင် မျိုးကိုထွန်း၊ လင်းထက်စိုးနှင့် ထက်ဖြိုးဝေတို့ကို တစ်ပြိုင်တည်း သုံးဦးလဲကာ ကစားအားမြှင့်ခဲ့သည်။ သို့သော် ဦးဆောင်ဂိုးကို ဟံသာဝတီအသင်းကရရှိခဲ့ပြီး ၆၅ မိနစ်တွင် မျိုးဇော်ဦးက အဝေးကန်ချက်ဖြင့် ရယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရန် ဆက်တိုက်ဖိအားပေးလာပြီး ၇၁ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့ကာ တိုက်စစ်မှူးဘယ်လိုက အမှားအယွင်းမရှိ ကန်သွင်းခဲ့သဖြင့် ချေပဂိုးပြန်ရခဲ့သည်။ ချေပဂိုးပြန်ရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဆက်တိုက်ဖိအားပေးခဲ့ပြီး အနိုင်ဂိုးကို လူစားဝင်ကစားသမား လင်းထက်စိုးက ၈၅ မိနစ်တွင် သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဟံသာဝတီအသင်းက နှစ်ပွဲကစား တစ်မှတ်ရရှိထားသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက မြဝတီအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုရာသီတွင် ပုံစံကောင်းရနေသည့် ရန်ကုန်အသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး ယခုပွဲတွင်လည်း မြဝတီကို အနိုင်ယူခဲ့သည်။ နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ခြေစွမ်းပြနေသည့် တိုက်စစ်မှူး ဝင်းနိုင်ထွန်းက နှစ်ဂိုး ထပ်မံသွင်းယူခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၂၄၊ ၆၀ မိနစ်တွင် ဝင်းနိုင်ထွန်းနှင့် ၇၇ မိနစ်တွင် ဥက္ကာနိုင်တို့က သွင်းယူပြီး မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၁ မိနစ်တွင် အောင်သူက ပယ်နယ်တီမှတစ်ဆင့်သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မြဝတီအသင်းက နှစ်ပွဲကစား တစ်မှတ်ရရှိထားသည်။

ပွဲစဉ်(၂)ကို ဖေဖော်ဝါရီ ၂၈ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ ကချင်ယူနိုက်တက်နှင့် မဟာယူနိုက်တက်အသင်းတို့ ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/4643 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/2327 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/5155 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော် လယ်ဝေးမြို့၊အမှတ်(၁)ရပ်ကွက်နေ ဦးကျော်မြင့်ဦး (ဘ)ဦးကျော်ထွေး၊ ၉/လဝန(နိုင်)၁၉၈၈၉၂ ကိုင်ဆောင်သူက အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ နယ်မြေ(၃)၊ အရှေ့လားသော် ဦးအောင်ရွှေ၊ အနောက်လားသော်–ဦးကိုကြီး၊ တောင်လားသော်–ဒေါ်စန်းတင်၊ မြောက်လားသော်– လမ်း အလား(၄)ရပ်အတွင်းရှိ ပေ(၄၅ x ၃၈/၅၀)ပေကျယ်ဝန်းသော မြေကွက်အား ဦးကျော်မြင့်ဦး မှ (၁၂–၁၂–၂၀၂၁)ရက်နေ့တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူခဲ့ပြီး မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကျော်မြင့်ဦး တစ်ဦးတည်းသာ ပိုင်ဆိုင်ပြီး လက်ရှိထားနေထိုင်လျှက်ရှိကြောင်း၊ ဦးကျော်မြင့်ဦး၏ ခွင့်ပြုချက်မရှိဘဲ အခြားမည်သူကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အာမခံ အဖြစ်ထားခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မြင့်(ဘ)ဦးကျော်ထွေး ၉/လဝန(နိုင်)၁၉၈၈၉၂**
**အမှတ်(၁)ရပ်ကွက်၊ လယ်ဝေးမြို့**
**ဖုန်း–၀၉–၆၆၉၄၆၆၆၀၈**

## သွေးသည်အသက်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/21464, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထက် ၉/တသန(နိုင်)၂၁၉၂၂၇က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## အလိမ္မာစာမှာရှိ

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့တွင် ငွေကျပ်သိန်း ၄၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၁ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းနှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တို့တွင် ငွေကျပ်သိန်း ၄၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၁ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် မြကျွန်းသာပန်းခြံအနီးတွင် ကျော်ကိုလွင် မောင်းနှင်ပြီး လှထွေး(ခ)ကိုထွေး လိုက်ပါလာသည့် ISUZU BIGHORN မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ည ၇ နာရီတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၁၃၃)ရပ်ကွက်ရှိ ကျော်ကိုလွင်၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၁ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၄၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။




**သတင်းစဉ်**

# အရာတော်မြို့နယ် စပါးတွင်းကျေးရွာရှိ နေအိမ်များအား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့မီးရှို့ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် စပါးတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံအကြမ်းဖက်သမားများသည် ဇန်နဝါရီ ၂၃ ရက် ည ၈ နာရီခန့်တွင် အရာတော်မြို့နယ် စပါးတွင်းကျေးရွာ၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တို့မှ ကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက် သမားများသည် ပြန်လည်ဆုတ်ခွာထွက်ပြေးစဉ် ကျေးရွာ၏ အရှေ့မြောက်ဘက်ပိုင်းရှိ နေအိမ်များအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့သဖြင့် နေအိမ် ၂၃ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ကျေးရွာများအတွင်းသို့ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - HD)မှ အများပြည်သူပျော်ရွှင်မှု ဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ နိုင်ငံတော်၏ နေ့ကြီးရက်ကြီးများတွင်လည်း အခြေအနေအချိန်အခါနှင့် ကိုက်ညီသင့်လျော်စွာ ဂုဏ်ပြုအစီအစဉ်များ ထည့်သွင်းတင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၃ခုနှစ်၊ မတ်လ(၂၇)ရက်နေ့တွင် ရောက်ရှိမည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် **"ပြည့်ချစ်သားမွန် တေးသဝဏ်"** ခေါင်းစဉ်ဖြင့် ပွဲစဉ်(၂)ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဌာနအဆိုရှင်များ၊ ပြင်ပတေးသံရှင်များဖြင့် စုပေါင်း၍ စစ်သည်တေးသီချင်းဖျော်ဖြေမှု (Live Show) အစီအစဉ်ကို (၃-၃-၂၀၂၃)ရက် (သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်။

(၃-၃-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
(၇၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် " ပြည့်ချစ်သားမွန် တေးသဝဏ်"
ပွဲစဉ်(၂)ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သပြေပန်းနဲ့ကြိုမယ် | "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2" အဆိုရှင် |
| ၂။ | စစ်စခန်းမှ ချစ်အလွမ်း | ပြင်ပအဆိုရှင် |
| ၃။ | အမြင်အတိုင်း | "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-1" အဆိုရှင် |
| ၄။ | စေလိုရာစေ | ဌာနအဆိုရှင် |
| ၅။ | စစ်သားကို | ဌာနအဆိုရှင် |
| ၆။ | အောင်ပွဲနဲ့အတူပြန်လာမယ် | ဌာနအဆိုရှင် |
| ၇။ | သံယောဇဉ် ကိုစစ်သား | ပြင်ပအဆိုရှင် |
| ၈။ | ထား | ပြင်ပအဆိုရှင် |
| ၉။ | လွမ်းရတဲ့အရသာ | ဌာနအဆိုရှင် |
| ၁၀။ | စစ်သည်မာန် | "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-1" အဆိုရှင် |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ တကောင်းလမ်း၊ အမှတ် ၁၃၊ ပထမထပ်၊(လမ်းမဘက်မှတိုက်သို့ မျက်နှာမူလျှင် ဘယ်ဘက်) အကျယ်အဝန်း(၁၂ပေခွဲ ပေ ၅၀)ရှိ တိုက်ခန်းအပါအဝင် ယင်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးထွန်းစိန် ၁၂/လသန(နိုင်) ၀၁၈၄၄၇ ထံမှ ကျွန်ုပ်မ ဒေါ်သစ်သစ်လွင် ၁၂/လမန(နိုင်) ၀၀၂၁၉၃ က ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သစ်သစ်လွင်**
၁၂/လမန(နိုင်)၀၀၂၁၉၃
ဖုန်း-၀၉-၅၀၆၀၉၀၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရပ်ကွက် အမှတ်(၁၃၁)၊ မြေကွက်အမှတ်(၆၂၅)၊ ငုဝါလမ်း၊ အကျယ်အဝန်း (၄၀x၆၀)ပေ ဒေါ်မာလာမြင့် ၁၂/အစန(နိုင်) ၀၃၀၀၇၈၏ အမည်ပေါက် မြေချပါမစ် မူရင်း (MYAN-၀၃၅၃၀၄)ကို ကျွန်မ ဒေါ်နီနီထွေး ၁၂/စခန(နိုင်) ၀၀၁၃၉၃နှင့် ကျွန်မ ဒေါ်ခင်စုကြည် ၁၂/စခန(နိုင်) ၀၀၁၁၄၀တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာလုံလောက်သော စာရွက်စာတမ်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မတို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီနီထွေး၊ ဒေါ်ခင်စုကြည်**
**(အမှတ်-၄၂/၉၈၀)၊ ရွှေဥဒေါင်းလမ်း၊ မြောက်ဒဂုံမြို့နယ်**
**ဖုန်း-၀၉-၇၉၅၅၉၆၈၉၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(တောင်) ရပ်ကွက်၊ (၉၄)လမ်း၊ တိုက်အမှတ်(၂၅)၊ (ပထမထပ်)(ဘယ်ဘက်ခန်း)၊ (၁၅x၅၅)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရှိပိုင်ဆိုင်လျက် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အနားမားလ် ၁၂/မဂတ(နိုင်)၀၇၁၁၀၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ (၁၀-၃-၂၀၂၃)ရက် နောက်ဆုံးထားပြီး ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးထက်(စဉ်-၁၁၉၁၀)၊ ဒေါ်နန်းမိုခမ်းအောင်(စဉ်-၁၀၂၇၃)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၈၆၀၁၊ ၀၉-၂၅၄၄၈၂၆၈၁**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၂၂၉ဧကေ၊ မြေကွက်အမှတ် (ဥ-၅၀၁၅)၊ ဦးကျော်ငွေး (ဘ) ဦးအုန်းမောင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအောင်သူဟိန်း ၉/တကတ(နိုင်)၀၀၁၁၃၃ (ဘ) ဦးခင်မောင်မြင့်မှ နေပြည်တော်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၃၃၁၀/၂၀၂၂(၂-၈-၂၀၂၂)တင်ပြ၍ ဒေါ်နန်းအေးမြတ်စိုး ၁၃/ပလန(နိုင်)၀၀၀၀၇၂ (ဘ) ဦးလုစိန်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ မြေကွက်အမှတ်(ဥ-၇၅၀)၊ ဦးသန်းဦး (ဘ) ဦးစိန်မောင်၊ ၉/ပသက(နိုင်)၀၀၆၃၉၉ အမည်ပေါက်ပါမစ်မြေကွက်၏ မြေကွက်နေရာချထားပေးခြင်းခွင့်ပြုမိန့်မူရင်း ပျောက်ဆုံးသွားပါသဖြင့်၊ ဦးသန်းဦး(ဘ) ဦးစိန်မောင် ၉/ပသက(နိုင်)၀၀၆၃၉၉ မှ မြေကွက်နေရာချထားပေးခြင်းခွင့်ပြုမိန့် မိတ္တူ၊မြေကွက်ဖိုးငွေသွင်းချလန် မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း မိတ္တူ၊ ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေကွက်နေရာချထား ပေးခြင်း ခွင့်ပြုမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၃၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာချထားပေးခြင်းခွင့်ပြုမိန့် မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ ရွှေပြည်စိုး(၂) လမ်း၊ မြေကွက်အမှတ် (၁၃၀၈) ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀)မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) အလျားxအနံ ပေ (၂၀x၆၀)အကျယ်အဝန်းရှိ မြေချပါမစ် မြေကွက်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ထွေးငယ် ၁၂/ကမရ(နိုင်)၀၁၉၃၅၉ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နီလာငွေး ၁၂/တမန(နိုင်)၀၇၀၉၁၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသော ဦးအောင်နိုင် ၁၁/ပဏတ(နိုင်)၀၉၈၀၈၅၊ ဒေါ်ခင်လင်းထွန်း ၁၁/ပဏတ(နိုင်)၀၇၄၁၂၅ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယမင်းထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅/၂၀၁၇)**
**အမှတ်(၁၁၃၇)၊ ရွှေတဆုပ်လမ်း၊ (၁၀၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉-၄၅၆၉၉၆၇၇၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊အမှတ်(၃)ရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်(၂၄/ပေဖူးရပ်)၊ ဦးပိုင်အမှတ် (၉၀/၁)၊ မြေရေိယာ ၀ ဒသမ ၀၄၁ ဧကရှိ အစိုးရ မြို့မြေကွက်အား ဦးမြင့်သူ(ဘ)ဦးမောက် ၁၂/မဂဒ(နိုင်)၀၃၀၅၆၀ မှ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်းများတင်ပြပြီး အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့် တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက(၂)ကျောင်း Grade 10(A)Bio ကျောင်းသူ မမေသက်နှင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ထွန်း ၈/ထလန(နိုင်)၀၄၈၁၆၉ဖြစ်ပါကြောင်း။

**ဦးဇော်ထွန်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် G/9893 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5A/3687 Toyota Dyna BU 72 ယာဉ်လက်ဝယ်ရှိသူ ဦးနေအောင် ၅/စကန(နိုင်)၁၆၈၂၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/9548 Toyota Hilux Surf KZN-125, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင် ၁၀/သဘန(နိုင်)၁၁၅၂၇၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/2294 SKAT ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းကို ၁၄/ဟသတ(နိုင်)၂၂၈၇၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)၊ရန်ကုန်မြို့**

## အမွေဆက်ခံရန်သက်သေခံလက်မှတ် လျှောက်ထားကြောင်းအကြောင်းကြားစာ (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃) သင်္ဃန်းကျွန်းခရိုင် တရားရုံးတော် ၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှု အမှတ် - ၁၄

**ကွယ်လွန်သူ Tae Woon Kim ၌ ကျန်ရစ်သောပစ္စည်း အကြောင်း။**

ဒေါ်စိုးဝါဝါထွန်း **လျှောက်ထားသူ။**

သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ရတနာလမ်း၊ မလိခကွန်ဒို၊ တိုက်(အေ)၊ အမှတ်-၅၀၃ နေ ဒေါ်စိုးဝါဝါထွန်းက ကွယ်လွန်သူ Tae Woon Kim ၏ ဇနီးဖြစ်သည်ဟူ၍ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ Tae Woon Kim မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၃ ခုနှစ် မတ် ၉ ရက် (၁၃၈၄ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်စိုးဝါဝါထွန်း၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်မောင်သက်လွင်)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအားအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ်(၁၁)နေ နော်ဒီမိုးနာခူး(ဘ) ဦးဒင်မျိုး ၁၂/အစန(နိုင်)၂၁၅၆၇၇သည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်း၏မူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ် (၄/၁၄၇၀) ဖြင့် ၇-၂-၂၀၂၃ ရက်တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည့်အောက်ပါကုန်အမှတ်တံဆိပ်၏ မူပိုင်ဖြစ်ပါသည်-




အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား "AhPhyay" ဟူသောအမည်အမှတ်အသားဖြင့် "ကော်ဖီအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး"တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချလျက်ရှိပြီး မိမိ၏ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်းပတ်သက်သည့်ကိစ္စများပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအားအရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်အသုံးပြုသွားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိ၏မူပိုင်အဖြစ်အသုံးပြုလျက်ရှိရာ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှားထင်ယောင်ထင်မှားဆင်တူ ယိုးမှားတုပပြုလုပ်၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ တရားမဝင်တုပသုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍တုပပြုလုပ်သုံးစွဲပါက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

**နော်ဒီမိုးနာခူး**
**၁၂/အစန(နိုင်)၂၁၅၆၇၇**
**ဖုန်း-၀၉-၄၂၃၇၂၄၇၂၄**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/72036 Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလွင်၇/လပတ(နိုင်)၀၃၁၇၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/76069 Dayang-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၈/ပဖန(နိုင်)၁၄၈၃၂၂ က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊**
**ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၄/စာရေးတံရပ်)၊ ဦးပိုင် အမှတ်(၄၀)၊ မြေယာအမှတ်(၁၆၅၊ ၁၆၆/၁၆၇)၊ ဧရိယာ ၀ ဒသမ ၁၂၇ ဧကရှိမြေအား ဂရန်အမှုတွဲအမှတ်(၇၈၁/၁၉၉၀-၉၁)အရ ၂၆-၈-၁၉၉၃ ရက်မှ ၂၅-၈-၂၀၂၃ ရက်ထိ ဒေါ်မရွှူ ၁၂/ရကန(နိုင်)၀၃၀၅၀၂ အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး အဆိုပါဂရန်အား သက်တမ်းတိုးလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 82W/47606 Sprinter DY-125, M/C ယာဉ်လက်ဝယ်ရှိသူ Yunn Taw Win Co.,Ltd က (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊**
**ခရိုင်ရုံး(မင်းဘူး)**


စာအုပ်
စာပေ
လူ့မိတ်ဆွေ


## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မိုးကုတ်လမ်း၊ မြေကွက်အမှတ်(၁၅၈)၊ မြေအကျယ်အဝန်း(၄၀ ပေx ၆၀ ပေ)၊ ၀ ဒသမ ၀၅၅ ဧက၊ ၂၄၀၀ စတုရန်းပေရှိ ဒေါ်လှမြိုင်အမည်ပေါက် မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုရောင်းချသူ ဦးတင်ထွန်း ၁၂/ကမရ(နိုင်)၀၄၃၈၄၇ မှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှမြတ်ကျော်(LL.B) ၊ (စဉ်-၁၀၆၈၈)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်အမှတ် (၂၇၄)၊ အခန်းအမှတ်(၁)၊ ရန်ကင်းလမ်း၊ (၂) ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၆၂၃၅၆၆၉၂၊ ၀၉-၂၅၃၅၃၂၉၆၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၀၄၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးမင်းမင်းထွန်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးနေလင်းထိုက် (ဘ) ဦးသန်းဝင်း ၉/ပမန(နိုင်)၁၄၀၀၇၁မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ကျင်စန်းဝေ ၁၂/ရကန(နိုင်)၀၀၅၆၂၆နှင့်အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်လဲ့လဲ့ ၁၂/ရကန(နိုင်)၀၅၇၃၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်ကျင်စန်းဝေနှင့် အများသိစေရန် ကြေညာပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်အမှတ်(၁၁)၊ အခန်း(၅)ဟုခေါ်တွင်သည့် တိုက်ခန်းအား ဒေါ်ကျင်စန်းဝေ၊ ဒေါ်တင်တင်နွဲ့၊ ဒေါ်ရီရီဝင်း၊ ဒေါ်စန်းစန်းလင်း၊ ဦးအောင်မြင့်တို့သည် ဒေါ်လဲ့လဲ့၏ ခင်ပွန်းဖြစ်သူ ဦးအောင်ဇော်ဝင်းအားလွန်ခဲ့သည့် နှစ်(၂၀)ကျော်ခန့်ကတည်းက စာချုပ်ချုပ်ဆို၍ အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သဖြင့် ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်လဲ့လဲ့သည် တရားဝင်လက်ရှိထားပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ပါသောကြောင့် အဆိုပါတိုက်ခန်းသည်အမွေဆိုင်ပစ္စည်းမဟုတ်ပါကြောင်း ဒေါ်ကျင်စန်းဝေနှင့် အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**
**တိုက်(၁၂၇) အခန်း(၆)၊ ရန်နိုင်လမ်းသွယ်(၅)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့၊ သုံးဆယ့်ခြောက်၊ ဥယာဉ်စုကျေးရွာ၊ ကွင်းအကွက်အမှတ်နှင့် အမည် ၁/ဥယာဉ်စု၊ ဦးပိုင်အမှတ် ၅၅၊ မြေကွက်အမှတ် ၅၆၊ မြေရေိယာ ၀ ဒသမ ၄၄၁ ဧကကို ဦးလှမြင့် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားရန်အတွက် ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာရန် စာချုပ်စာတမ်းအထောက်အထားများဖြင့် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ရေနံချောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ရေနံချောင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာ အနောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၀၈၂ဧကေ၊ မြေကွက်အမှတ်(ဥ-၄၀၉)၊ ဦးအေးမြတ်ကိုကို (ဘ) ဦးခင်လှ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ရွှေနီလာပြုံး ၅/ဝသန(နိုင်)၀၀၇၇၀၅ (ဘ) ဦးအုန်းရွှေ မှ နေပြည်တော်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၂၃/၂၀၂၂(၉-၆-၂၀၂၂)တင်ပြ၍ ဦးဝင်းဇော် ၅/ပလဘ(နိုင်)၀၀၂၉၁၄ (ဘ) ဦးမောင်ကလေး အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ ကျောင်း ၊ သိမ် ဒါယိကာမ

## ကျောက်ဆည်အသင်းနာယက

# ဒေါ်ကြည်ခင်

## အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာအပိုင်း(၂)၊ အမှတ်(၉၃/ဘီ)နေ (ဦးလေးမြင့်-ဒေါ်ညို)တို့၏သမီး၊ ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်နေ (ဦးအုန်းရွှေ-ဒေါ်ကြည်လင်) တို့၏ ညီမ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)-ဒေါ်ကြိုင်ကြိုင်တို့၏အစ်မ၊ ဦးငွေအောင်-ဒေါ်ကြည်ကြည်မြင့်၊ ဦးအောင်ခင် လတ်-ဒေါ်ခင်သီတာတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးငါးယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီး၊ (ဦးအောင်သိန်း)၏ချစ်လှစွာသောဇနီးသည် ၂၆-၂-၂၀၂၃ရက် (တနင်္ဂနွေနေ့) ည ၁၀:၁၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် မင်္ဂလာဒုံအမှတ်(၁/၁၀၀၀)စစ်ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၂၈-၂-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၂၃ရက် (စနေနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသောဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းသွတ်အမျှအတန်း ပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## သီရိပျံချီ ဦးအုန်းမြင့်

### ဝန်ကြီးချုပ်(ငြိမ်း)၊ မွန်ပြည်နယ်

### ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ သတ္တုတွင်းဝန်ကြီးဌာန

### အသက်(၇၈)နှစ်

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး သီရိပျံချီ ဦးအုန်းမြင့် အသက်(၇၈)နှစ် ဝန်ကြီးချုပ်(ငြိမ်း)၊ မွန်ပြည်နယ်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ သတ္တုတွင်းဝန်ကြီးဌာနသည် ၂၅-၂-၂၀၂၃ရက် ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူရ ဦးအေးမြင့်(အားကစားဝန်ကြီး-ငြိမ်း)နှင့် ဇနီးဒေါ်အေးအေး မိသားစု**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်မြို့နယ်၊ မုဋ္ဌောအုပ်စု၊ အိုးတွင်းကုန်းကျေးရွာနေ မောင်နေသူအောင်ထွေး၏ ဖခင် ၇/ပမန(နိုင်)၁၈၉၂၆၉ ဦးရင်မောင် (ခ) ဦးယဉ်မောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးရင်မောင်(ခ)ဦးယဉ်မောင်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7W/83633 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လင်ဒါဌွန်လှဲပါရှ် ၄/ဟခန(နိုင်)၀၂၃၃၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ချင်းပြည်နယ်ရုံး(ဟားခါး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/54503 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်သောင်း ၇/ဒဥန(နိုင်)၀၈၁၂၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

---

"(၂၂-၁-၂၀၂၃) ရက်နေ့ မြန်မာ့အလင်းသတင်းစာကြော်ငြာစာ စာမျက်နှာ (၂၉) ပါ အများသိစေရန်ကြေညာခြင်းအပေါ် ဒေါ်သက်သက်ထွေး (၁၂/သဃက (နိုင်) ၀၅၆၈၅၄) နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာ (၁၂/သဃက (နိုင်) ၁၄၂၆၅၄)၊ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁) ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ် (၇) နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်းပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၀) ရပ်ကွက်၊ အောင်သိဒ္ဓိ (၁) လမ်း၊ အမှတ် (၂၅၀/၁) မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၃၁-၁၀-၂၀၁၁) ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်သီတာသည် ဦးစိန်ဝင်းထံမှ "အိမ်နှင့်မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်" ချုပ်ဆိုကာ ဂရန်မူရင်း၊ ကျမ်းကိုန်လွှာ၊ အဆက်စပ်စာချုပ်မူရင်းများနှင့်တကွလက်ရောက်ရယူပိုင်ဆိုင်ခဲ့ပါသည်။ သို့အတွက် ဒေါ်သက်သက်ထွေး၏ မြန်မာ့အလင်းသတင်းစာတွင် (၂၂-၁-၂၀၂၃) ရက်စွဲ၊ စာမျက်နှာ (၂၉) ပါ "အများသိစေရန်အသိပေးကြေညာခြင်း" သည် ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ပိုင်ဆိုင်မှုကို ထိပါးနှောက်ယှက်နေပါသဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ဒေါ်သက်သက်ထွေး၏ မြန်မာ့အလင်းသတင်းစာ (၂၂-၁-၂၀၂၃) ရက်စွဲ၊ စာမျက်နှာ (၂၉) ပါ "အများသိစေရန်အသိပေးကြေညာခြင်း" ကို တရားဝင်ပြန်လည်ရုပ်သိမ်းပေးပါရန် နှင့် ရုပ်သိမ်းခြင်းမပြုပါက တရားဥပဒေအရ တရားစွဲဆိုမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေါ်သက်သက်ထွေး နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ချိုချိုလင်း
LL.B, H.G.P, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေစဉ် (၁၅၀၁၁)
အမှတ် (၄၇) ၊ ၃-လွှာ၊ မွှာရုံလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၂၅၀၃၅၆၃၅၄

---

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ အမှတ်(၅)ရပ်ကွက်၊ ဦးစုလမ်း၊ မရမ်းချို၊ အမှတ်(၁၇၄)နေ (ဦးမြင့်ဦး)-ဒေါ်စန်းမြင့် ၁၄/ပသန(နိုင်) ၀၃၃၁၇၉တို့၏ သား ကိုသန့်ဇင်စိုး ၁၄/ပသန (နိုင်) ၁၉၉၂၀၈သည် မိခင်နှင့် မိသားစုများ လုံးဝမသိရှိဘဲ ၎င်း၏ဆန္ဒအလျောက် အိမ်မှထွက်သွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ဘူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**(ဒေါ်စန်းမြင့်) ၁၄/ပသန(နိုင်) ၀၃၃၁၇၉**

---

### တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ သမုတ်စံပြကျေးရွာ၊ လွန်းစိမ်း(၃)ရပ်ကွက်နေ ဦးဆွေသစ်နှင့် ဦးဆွေသက် ၆/မအရ(နိုင်)၀၈၃၁၀၁ မှာ တစ်ဦးတည်းဖြစ်ပြီး ဦးဆွေသစ်(ခ) ဦးဆွေသက်၏သား မောင်မင်းပိုင်ဖြိုး ၆/မမန(နိုင်)၂၁၉၈၆၅ ၏ မွေးသက္ကရာဇ် အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်စာရင်းအရ ၁-၃-၂၀၀၁ ဖြစ်ပါကြောင်း။

**ဦးဆွေသစ်(ခ)ဦးဆွေသက် ၁-၃-၂၀၀၁**

---

## ဇနီး/ခင်ပွန်း များအဖြစ်မှ လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်တော် မောင်နိုင်အောင် (ခ)ဖိုးနိုင် ၉/မခန(နိုင်) ၂၁၀၅၂၅ နှင့် ကျွန်မ မအိအိဇွန်(ခ)အိဇွန် ၉/တသန(နိုင်) ၁၃၂၅၆၉ တို့သည် ဤကြော်ငြာပါသည့်ရက်မှစ၍ ဇနီး/ခင်ပွန်းများအဖြစ်မှ လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**မောင်နိုင်အောင်(ခ)ဖိုးနိုင်၊ မအိအိဇွန်(ခ)အိဇွန်**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ခင်ခင်ဆန်း B.Ed(1965 Batch)

### အထက်တန်းပြ(ငြိမ်း)

### အထက(၄) ပုဇွန်တောင်၊ အထက(၂) သာကေတ၊ အလက(၄) အင်းစိန်

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၅လမ်း၊ တိုက် ၁၂၊ အခန်း(E-7)နေ (ဦးဘဆန်း-ဒေါ်နွဲ့နွဲ့)တို့၏သမီး၊ (ဦးသိန်းမောင်-ဒေါ်အမာ)တို့၏ သမီးချွေးမ၊ ဒေါက်တာ ဒေါ်ခင်စန္ဒာမြင့်(တွဲဖက်ပါမောက္ခ၊ ကွန်ပျူတာသိပ္ပံပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ (ကိုမျိုးမြင့်အောင်-B.Sc(Botany-Q) တို့၏ကျေးဇူးရှင် မွေးသမိခင်၊ ဦးအောင်မြင့် (မန်နေဂျာ-ဂုဏ်ထူးစာပေ၊ ဆေး-၁၊ 1964 - Batch)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ခင်ဆန်းသည် ၂၆-၂-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀:၃၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၂၃ရက် (အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကိုနိုင်(ပြည်)

### တိုင်းဒေသကြီးဦးစီးမှူး

### အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန

### အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုနိုင်သည် ၂၇-၂-၂၀၂၃ရက်တွင် ပဲခူးမြို့၊ ရှင်စောပုဝန်ထမ်းအိမ်ရာ၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကိုနိုင်(ပြည်)

### တိုင်းဒေသကြီးဦးစီးမှူး

### အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန

### အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုနိုင်သည် ၂၇-၂-၂၀၂၃ရက် တွင် ပဲခူးမြို့၊ ရှင်စောပု ဝန်ထမ်းအိမ်ရာ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ပဲခူးတိုင်းဒေသကြီး**

---

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၈၇၆၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်နေ ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ မခင်ဇာဝင်းမွန် ၉/အမဇ(နိုင်) ၀၄၂၆၀၂သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘ-ဦးခင်ဇော်၉/မနမ(နိုင်) ၀၇၉၅၄၇-ဒေါ်ဝင်းမာ**

---

### ၁၉-၂-၂၀၂၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဒေါ်ပိုးဟန်နီထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေကတစ်ဆင့် အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ တုန့်ပြန်ရှင်းလင်း သတိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဖြူနှင်းခိုင် ၁၂/သကတ(နိုင်) ၂၁၉၃၁၀ Lucy Pinky Facebook အကောင့်ပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ တုန့်ပြန်ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

(၁၉-၂-၂၀၂၃)ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ကျွန်ုပ်၏မိတ်ဆွေနှင့်ညီမဖြစ်သူတို့၏ လူမှုကွန်ရက်စာမျက်နှာ၌ တရားဝင်ဖွင့်လှစ်အသုံးပြုနေသော Lucy Pinky, Evelynn Accountsများကို ဒေါ်ပိုးဟန်နီထွန်း၏ ရှေ့နေကတစ်ဆင့် အများသိစေရန် သတင်းစာတွင် ထည့်သွင်းအသိပေးကြေညာခြင်းမှာ ကျွန်ုပ်၏မိတ်ဆွေနှင့် ညီမဖြစ်သူတို့အပေါ် အများအထင်အမြင်လွဲမှားမှုများ ဖြစ်စေပါသည်။ မိမိတို့၏ Accounts များတွင် မိမိတို့၏ ကိုယ်ပိုင်အတွေးအခေါ်အယူအဆကို လွတ်လပ်စွာရေးသားမျှဝေ၍ Post တင်ခြင်းများအပေါ် ဒေါ်ပိုးဟန်နီထွန်းက မိမိအား စောင်းမြောင်းရေးသားပါသည်ဟုစွပ်စွဲကာ ယခုကဲ့သို့အများသိစေရန် ထည့်သွင်းသတိပေးကြေညာခဲ့ခြင်းအတွက် အဆိုပါ Lucy Pinky နှင့် Evelynn Accountပိုင်ရှင်တို့ကို ဒေါ်ပိုးဟန်နီထွန်းဘက်မှ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း သတင်းစာ (၂)စောင်လုံးတွင် ပြန်လည်ရုပ်သိမ်းတောင်းပန်ရန် အသိပေးတောင်းဆိုလိုက်ပါသည်။ နောက်နောင်တွင် ကျွန်ုပ်၏မိတ်ဆွေ အပါအဝင် မိသားစုဝင်များအပေါ် ထိခိုက်နစ်နာစေသည့် ပြုမူပြောဆိုစွပ်စွဲခြင်း၊ လူမှုကွန်ရက်မှတစ်ဆင့် ခြိမ်းခြောက်ရေးသားဖြန့်ဝေခြင်း အစရှိသည့်လုပ်ရပ်များကို ဒေါ်ပိုးဟန်နီထွန်းဘက်မှ ထပ်မံပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးမျိုးမြင့်အောင်(LL.B)** | **ဒေါ်လင်းလင်းသူ(LL.B,D.L.S)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၇၅၅၈/၂၀၀၈)** | **(စဉ်-၅၄၀၈၂/၂၀၂၀)** |

အမှတ်(၁၅၃)၊ ငါးလွှာ(A)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၉၄၁၀၉၊ ၀၉-၉၅၅၁၆၉၄၁၀၉

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်လမ်းနှင့် လှည်းတန်းလမ်းထောင့်တွင် တည်ရှိသည့်လှည်းတန်းစင်တာအမည်ရှိ စုပေါင်းပိုင်အဆောက်အအုံ၏ စတုတ္ထထပ်ရှိ အခန်းအမှတ် ၄၀၃ ဟုခေါ်တွင်သော ၁၂၅၂.၇၉ စတုရန်းပေ အကျယ်ရှိ (ဒေါ်ခင်ဆွေအုန်း(ခ)ခင်ဆွေဝင်း) အမည်ပေါက် အိမ်ခန်း (၁)ခန်းနှင့် အခန်းအမှတ် ၄၀၄ ဟု ခေါ်တွင်သော ၁၆၁၂.၁၅ စတုရန်းပေအကျယ်ရှိ (ဒေါ်မို့မို့အောင်-ဦးစိုးထွန်း- ဦးအောင်သိုက် အမည်ပေါက်) အိမ်ခန်း ၁ခန်း၊ စုစုပေါင်း အိမ်ခန်း ၂ခန်းနှင့် ယင်းအခန်းတို့နှင့် ဆက်စပ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်း အဆိုပြုဝန်ခံသူ ဒေါ်အေးအေးစိုး(ဘ)ဦးကျော်စိုး ၁၂/မရက(နိုင်)၀၉၀၈၄၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မူရင်းစာရွက်စာတမ်းအထောက်အထား အပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သဲယုမော်
LL.B,LL.M,M.Res,Ph.D.(Law),D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၇၃)
အမှတ် ၁၁၀၊ငါးလွှာ၊ ၅-စီ၊ နတ်မောက်ရိပ်သာလမ်းသွယ်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၄၀၀၂၆၂၄

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်ရှိ ကွင်းအမှတ် ၇၉၇(ရွာထောင်အရှေ့ကွင်း)၊ဦးပိုင်အမှတ် ဉ-၁၃၊ ဧရိယာ ၀ဒသမ ၁၃၈ ဧကရှိပြီး အရှေ့လားသော်-လမ်း၊ အနောက်လားသော် ဉ-၁၂/၁ နှင့် ဉ ၁၂/၂၊ တောင်လားသော်လမ်း၊ မြောက်လားသော် -ချောင်း စသည့်နယ်မြေ လေးရပ်အတွင်းရှိ ဂရန်ဝိုင်းမြေကွက်အား ဝယ်ယူပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း အတိအလင်း ဝန်ခံကတိပြုသူ ဦးမောင်မောင်မြင့် ၁၂/တမန(နိုင်)၀၅၄၂၅၇ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းဝင်းအိမော် ၅/စကန(နိုင်)၁၇၈၉၄၆ မှ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ရာ ယင်းဂရန်ဝိုင်းမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်အရ မရောင်းခွင့် မဝယ်ခွင့် ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သန်းထိုက်၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၆၆/၁၄)**
**ပါရမီရပ်၊ စစ်ကိုင်းမြို့၊ ဖုန်း-၀၉-၄၀၀၄၆၉၂၄၅**

---

## အများသိစေရန်ကြေညာချက်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုးကွက်သစ်(၁)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၅၀)နေ ဒေါ်လှဲ့ဝေဇော် ၁၂/သလန(နိုင်) ၁၁၁၈၁၆ ၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်းကြော်ငြာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုးကွက်သစ်(၁)ရပ်ကွက်၊ (၁၀)လမ်းရှိ (၁)မြေကွက်အမှတ် ၂၁၅ အမည်ပေါက် ဦးအောင်ကျော်ငွေ TKA-၀၄၁၅၈၈၊ (၂) မြေကွက်အမှတ် ၂၁၆ အမည်ပေါက် ဦးလှရွှေ KC -၀၇၇၉၈၃ နှင့်(၃)မြေကွက်အမှတ် ၂၁၇၊ အမည်ပေါက် ဦးလှဦး (PPN-၀၃၄၇၄၆) အမည်ပေါက်ဖော်ပြချက်တို့ဖြင့် အလျား x အနံ (၆၀x ၂၀)ပေအသီးသီးရှိသော (၃)ကွက်တွဲမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ မူလပိုင်ရှင် ဒေါ်စန်းမြင့် ၁၂/သလန(နိုင်) ၀၆၅၂၂၀ထံမှ အပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်(၃)ကွက်ဝယ်ယူမှုနှင့်စပ်လျဉ်း၍ သတင်းစာကြော်ငြာသည့်ရက်မှ (၅)ရက်အတွင်း မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိခဲ့ပါက ကျွန်တော်၏ မိတ်ဆွေမှ မြေကွက်ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်သူ ဒေါ်လှဲ့ဝေဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ငြိမ်းမေခင်(LL.B,DML) (စဉ်-၂၁၂၂၃/၉၇)၊ ဖုန်း-၀၉-၇၉၆၀၁၄၆၉၂**

---

## သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### သီရိပျံ့ချီ ဦးအုန်းမြင့်

ဝန်ကြီးချုပ်(ငြိမ်း)၊ မွန်ပြည်နယ်

ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ သတ္တုတွင်းဝန်ကြီးဌာန

အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းနေ ဒေါ်စန်းစန်း၏ ချစ်လှစွာသောခင်ပွန်း ဝန်ကြီးချုပ်(ငြိမ်း)၊ မွန်ပြည်နယ်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သတ္တုတွင်းဝန်ကြီးဌာန သီရိပျံ့ချီ ဦးအုန်းမြင့် အသက်(၇၈)နှစ်သည် ၂၅-၂-၂၀၂၃ရက် (စနေနေ့) ညနေ ၅နာရီ ၄၅ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ

## အထူးဝမ်းနည်းကြေကွဲခြင်း

### သီရိပျံ့ချီ ဦးအုန်းမြင့်

ဝန်ကြီးချုပ်(ငြိမ်း)၊ မွန်ပြည်နယ်

ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ သတ္တုတွင်းဝန်ကြီးဌာန

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းနေ သီရိပျံ့ချီ ဦးအုန်းမြင့် ဝန်ကြီးချုပ်(ငြိမ်း)၊ မွန်ပြည်နယ်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သတ္တုတွင်းဝန်ကြီးဌာန၊ အသက်(၇၈)နှစ်သည် ၂၅-၂-၂၀၂၃ရက် ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တပ်မ (၄၄)မှ တပည့်များ
ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ထွန်း
ဦးစိုးနိုင်၊ ဦးလှသိန်းနှင့် မိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း

မိဘသဖွယ် စောင့်ရှောက်ပေးခဲ့ပါသော ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့် မွန်ပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးချုပ်(ငြိမ်း) သီရိပျံ့ချီ ဦးအုန်းမြင့် ကွယ်လွန်ကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်တည်နှင့်မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### သီရိပျံ့ချီ ဦးအုန်းမြင့်

သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းနေ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)သီရိပျံ့ချီ ဦးအုန်းမြင့် အသက်(၇၈)နှစ်သည် ၂၅-၂-၂၀၂၃ရက် ညနေ ၅:၄၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်(ခင်မောင်မြင့်)-ဒေါ်ဝင်းဝင်းနု မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### သီရိပျံ့ချီ ဦးအုန်းမြင့်

သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းနေ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)သီရိပျံ့ချီ ဦးအုန်းမြင့် အသက်(၇၈)နှစ်သည် ၂၅-၂-၂၀၂၃ရက် ညနေ ၅:၄၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ
အမှတ်(၁) သတ္တုတွင်းလုပ်ငန်း

## ဦးဇော်ဝင်း

အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ (၈)ရပ်ကွက်၊ ခေါင်ရမ်းလမ်း၊ အမှတ် (၆) မြေညီနေ (ဦးအုန်းကြွယ်-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဒေါ်ခင်လေးမြင့်-ဦးကျော်စွာတင်)၊ (ဒေါ်ခင်အေးမြင့်)တို့၏မောင်၊ ဒေါက်တာသိင်္ဂီဝင်း(ကလေးအထူးကုဆရာဝန်ကြီး)၏ခင်ပွန်း၊ ကိုဖြိုးကျော်သူ၊ ကိုကောင်းဇော်သူ တို့၏ဖခင်သည် ၂၇-၂-၂၀၂၃ရက်(တနင်္လာနေ့) နံနက် ၃:၂၂နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၅-၃-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဘုရားအမှူးရှိသော ပင့်သံဃာတော်တို့အား ဆွမ်းအစရှိသော ဒါနဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### သီရိပျံ့ချီ ဦးအုန်းမြင့်

ဝန်ကြီးချုပ်(ငြိမ်း) မွန်ပြည်နယ်

ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သတ္တုတွင်းဝန်ကြီးဌာန

အသက်(၇၈)နှစ်

ဒေါ်စန်းစန်း၏ ချစ်လှစွာသောခင်ပွန်း၊ သီရိပျံ့ချီ ဦးအုန်းမြင့်သည် ၂၅-၂-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး(ငြိမ်း)ဦးကျော်ဆန်း-ဒေါ်ကြည်ကြည်ဝင်းမိသားစု
ပြန်ကြားရေးဝန်ကြီးဌာန

## ဝမ်းနည်းကြေကွဲခြင်း

### သီရိပျံ့ချီ ဦးအုန်းမြင့်

ဝန်ကြီးချုပ်(ငြိမ်း) မွန်ပြည်နယ်

ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သတ္တုတွင်းဝန်ကြီးဌာန

အသက်(၇၈)နှစ်

ဒေါ်စန်းစန်း၏ ချစ်လှစွာသောခင်ပွန်း သီရိပျံ့ချီ ဦးအုန်းမြင့်သည် ၂၅-၂-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ခလရ(၇၅)တွင် တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့စဉ်က
တပည့်အရာရှိများ

## ကျောက်ဆည်အသင်း(ရန်ကုန်)

အထူးကြေကွဲဝမ်းနည်းခြင်း

### ဒေါ်ကြည်ခင်

အသက်(၉၆)နှစ်

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကကြီးဖြစ်သူ ဒေါ်ကြည်ခင် အသက်(၉၆)နှစ်သည် ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အပိုင်း(၂)၊ ပင်လုံရိပ်သာ၊ နှင်းဆီ(၁)လမ်း၊ အမှတ်(၉၃/ဘီ) မင်္ဂလာဒုံ တပ်မတော်အမှတ်(၁)၊ စစ်ဆေးရုံကြီး၌ ၂၆-၂-၂၀၂၃ရက် ည ၁၀:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ အသင်းဝင်များ

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်တင်မေ

အသက်(၈၂)နှစ်

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကျန်းမာရေးသတင်းအချက်အလက်)(ငြိမ်း) ဒေါက်တာ သက်သက်မူ၏ မိခင်ကြီးဖြစ်သူ ဒေါ်တင်မေ အသက် (၈၂)နှစ်သည် ပဲခူးမြို့ နေအိမ်တွင် ၂၇-၂-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၃:၃၂နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

HMIS မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### သီရိပျံ့ချီဦးအုန်းမြင့်

သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းနေ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)၊ သီရိပျံ့ချီ ဦးအုန်းမြင့် အသက်(၇၈)နှစ်သည် ၂၅-၂-၂၀၂၃ရက် ညနေ ၅:၄၅နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့ဆားလုပ်ငန်း
အငြိမ်းစား ဦးဆောင်ညွှန်ကြားရေးမှူးများ နှင့်
အငြိမ်းစားဝန်ထမ်းများ

## အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

### ဦးကြည်ဝင်း

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)ငြိမ်း၊ ရန်ကုန်

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ စကားဝါမြိုင်လမ်း၊ ဒူးယား (၃)လမ်း၊ အမှတ် (၆၁၈)နေ ဒေါ်နန်စီ (မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)၊ ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသန့်ဇင်ဝင်း-ဒေါ်ကြည်ကြည်ဆွေတို့၏ဖခင်၊ မြေး နှစ်ယောက်တို့၏ အဘိုးဦးကြည်ဝင်းသည် ၂၅-၂-၂၀၂၃ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူပြီး ၂၅-၂-၂၀၂၃ရက်(စနေနေ့)ညနေ အဆွရ်နာမာဇ် ဝတ်ပြုပြီးချိန်တွင် ရေဝေးစွန္နီမွတ်စလင်မ် ကဗရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများကို အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

### သီရိပျံ့ချီ ဦးအုန်းမြင့်

သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

အသက်(၇၈)နှစ်

သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) သီရိပျံ့ချီ ဦးအုန်းမြင့်သည် ၂၅-၂-၂၀၂၃ရက် (စနေနေ့)ညနေ ၅:၄၅နာရီ တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်
အရာထမ်း၊ အမှုထမ်းများ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း

### သီရိပျံ့ချီ ဦးအုန်းမြင့်

သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းနေ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) သီရိပျံ့ချီ ဦးအုန်းမြင့် အသက်(၇၈)နှစ်သည် ၂၅-၂-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူရဦးမြင့်မောင် ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
ဇနီး ဒေါ်အေးအေးထွန်း

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/13174 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တိမ်လွှာမိုး ၇/အတန(နိုင်)၁၂၅၂၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(တောင်ငူ)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/96315 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မိုးဝေ ၇/အတန(နိုင်)၁၀၇၁၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(တောင်ငူ)

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

### ဒေါ်ခင်အေးဝေ

ယခင်-ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး ဦးစီးအရာရှိ(ငြိမ်း)

အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ကရမက်လမ်းသွယ်(၈၇/၁)နေ (ဗိုလ်တင်မောင်ကြီး-ဒေါ်စိန်လှိုင်)တို့၏သမီးကြီး၊ (ဦးစောရောဘတ်-ဒေါ်ဂဲလ်လီစိုက်တိုး)တို့၏သမီးချွေးမ၊ ဦးလွင်မြင့်-ဒေါ်အင်စိန်၊ ဦးမျိုးဝင်း-(ဒေါ်ခင်အေးကြူ)၊ ဦးစိုင်းကျော်သူ-ဒေါက်တာဆွေဆွေဝင်း၊ ဦးခင်ဇော်-ဒေါ်မေသန္တာ၊ ဦးသိန်းဇော်-ဒေါ်ခင်ထွေးရီတို့၏အစ်မ၊ ဦးအောင်ဖုန်းမြင့်-ဒေါ်နော်ဥမ္မာခိုင်၊ ဒေါ်နော်ဖူးပွင့်သီတို့၏ မွေးသမိခင်၊ မောင်ရှိုင်းရိုင်ယန်၏အဘွား၊ ဦးစောရောဘတ်ဆင်၏ ချစ်လှစွာသောဇနီး ဒေါ်ခင်အေးဝေသည် ၂၇-၂-၂၀၂၃ရက် နံနက် ၈:၅၂ နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန် အသိပေးကြေညာခြင်း

ပြည်မြို့၊ အမှတ်(၃)အရာရှိ ရိပ်သာ ဘုရားကြီး ဆည်မြောင်းဝင်းနေ ကျွန်တော် ဦးဇော်မျိုးလွင် ၁၄/ဝခမ(နိုင်)၀၅၅၃၆၂၏ ဇနီးဖြစ်သူ ဒေါ်ယဉ်မြမြထွေး ၅/ဖပန(နိုင်)၀၀၀၂၃၄သည် ကျွန်တော်နှင့် သားသမီး သုံးဦးတို့အား ထားရစ်ခဲ့ပြီး ၎င်း၏သဘောဆန္ဒဖြင့် (၁၇-၉-၂၀၂၂)ရက်တွင် နေအိမ်မှ ဆင်းသွားခဲ့ပြီးဖြစ်၍ ၎င်းနှင့်သက်ဆိုင်သော ကိစ္စအရပ်ရပ်သည် ကျွန်တော်နှင့် လုံးဝသက်ဆိုင်ပါကြောင်းနှင့် ၎င်း၏ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဇော်မျိုးလွင်

## ဦးနိုင်ရွှေဇင်(ဘီးလင်း)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်နေ (ဒေါ်သန်းမြင့်)၏ခင်ပွန်း၊ ဗိုလ်မှူးချုပ်ကျော်နိုင်ဦး(ငြိမ်း)-ဒေါ်ခင်သက်မွန်၊ (ဦးတင်ရွှေ-ဒေါ်ချိုချိုဇော်)၊ (ဦးအောင်သန်းရွှေ)-ဒေါ်ဝင်းဝင်းမော်၊ (ဦးအောင်သန့်ဇင်)-ဒေါ်ခင်သီတာသိန်းတို့၏ဖခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၂၇-၂-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၁၁:၂၀နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးပိန်း(ခ)တန်ချန်ပိန်း

### စီးပွားရေး တက္ကသိုလ်(ကထိက-ငြိမ်း)စာရင်းအင်း

အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ ကမ်းနားလမ်းဈေးရှေ့(တိုက်ဆိုင်သစ်)နေ ဦးကျောက်ခဲ-ဒေါ်ကျင်မြိုင်တို့၏သား၊ ခရမ်းမြို့နယ်နေ ဦးအင်ဟိုး-ဒေါ်ကျင်နုတို့၏ သားသမက်၊ ကျောက်တန်းမြို့၊ အနောက်ပိုင်းရပ်ကွက်၊ ရေလယ်ဘုရားလမ်း၊ အမှတ် ၄၄နေ ဒေါ်လှလှရီ၏ခင်ပွန်း၊ မနှင်းသီတာဖြူ၊ မနှင်းစန္ဒာဖြူ၊ မောင်ကျော်ဇင်ထွန်းတို့၏ဖခင်သည် ၂၇-၂-၂၀၂၃ရက်(တနင်္လာနေ့) နံနက် ၄:၃၀နာရီတွင် အထက်ပါနေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့၊ အနောက်ပိုင်းတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့် သွေး ဖြင့် အ သက် ကယ် ပါ

❖ လူသားအရင်းအမြစ် လိုအပ်ချက်နှင့် ပတ်သက်၍ အရည်အချင်း ပြည့်ဝသည့် လူသားအရင်းအမြစ်များ ရှိမှသာ အရည်အသွေး ရှိသည့် လုပ်သားအင်အားများ ရရှိနိုင်မည်ဖြစ်သဖြင့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေး အားပေးဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။



နေရပ်ပြန်မည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား စက်လှေများဖြင့် ပို့ဆောင်ပေးစဉ်။

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့က နေရပ်ပြန်မည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းပေးအပ်၊ နေရပ်အသီးသီးသို့ ကူညီပို့ဆောင်ပေး

မြေပုံ ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ ယာယီတိုက်ပွဲရှောင်စခန်းအသီးသီးတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာ ခုနစ်ရွာတို့မှ နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင်ဒေသခံပြည်သူများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေနှင့်လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

စာမျက်နှာ ၉ ကော်လံ ၃ ❑

## လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း နှစ်ပွဲဆက်အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) တတိယနေ့ကို ဖေဖော်ဝါရီ ၂၇ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းနှင့်တွေ့ဆုံတိုင်း အခက်တွေ့အောင်ကစားနိုင်သည့် ဟံသာဝတီအသင်းသည် ယခုပွဲတွင်လည်း အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး ဦးဆောင်ဂိုးမထိန်းနိုင်ခဲ့သဖြင့် ရမှတ်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ သုံးရာသီဆက် ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရာသီအစ နှစ်ပွဲဆက်တိုက် အမှားအယွင်းမရှိ အမှတ်ပြည့်ရယူနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ကျော်ဇင်ဖြိုး (ဂိုး)၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ ရဲရင့်အောင်၊ ဘယ်လို၊ မြတ်ကောင်းခန့်စသည့် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ဟံသာဝတီအသင်းမှာမူ ပွဲဦးထွက်ပွဲကစားခဲ့သည့် လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ပြီး ယှဉ်ပြိုင်ကစားခဲ့သည်။ ဟံသာဝတီအသင်းသည် ပထမပိုင်းတွင် ရှမ်းယူနိုက်တက်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် နစ်နာခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည်

စာမျက်နှာ ၂၂ ကော်လံ ၁ ❖

**ယနေ့ ဖတ်စရာ**


ဆူဒန်နိုင်ငံ၌ ကလေးငယ်နှင့် အမျိုးသမီးလေးသန်းနီးပါး အာဟာရချို့တဲ့မှုဒဏ်ခံစားနေကြရဟုဆို

နိုင်ငံတကာသတင်း စာ ၁၃

သစ္စာတရားခိုင်မြဲမှု၏ သင်္ကေတ အောက်ချင်းငှက်မျိုးစိတ်များ မျိုးသုဉ်းမှု အန္တရာယ်

ဇီဝစုံလင် စာ ၂၀


## နယူးကာဆယ်ကို အနိုင်ယူပြီး ခြောက်နှစ်နီးပါးကြာ ဆုဖလားဝေးကွာမှုကို အဆုံးသတ်နိုင်ခဲ့သည့် မန်ယူ

(ဖြ၃) ကြိမ်မြောက် ကာရာဘောင်ဖလားပြိုင်ပွဲဗိုလ်လုပွဲစဉ်ကို မန်ယူနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်က နည်းပြ မော်ရင်ဟိုလက်ထက် ယူရိုပါလိဂ်ဖလားဆွတ်ခူးရရှိပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ဖလားကိုင်မြှောက်ခွင့်ရရှိခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❍




ဆုဖလားလက်ခံရယူပြီးနောက် မန်ယူအသင်းသားများ အောင်ပွဲခံနေစဉ်။